


# သေခါနီးမှာ
# လောဘကွတ်မချော်ပါနဲ့

(၂၄၃)

ဟောကြားသည့်နေ့
၁၅ - ၁၂ - ၆၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၃) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားသော တရားတော်

# သေခါနီးမှာ သောကဒွတ်မချော်ပါနဲ့

ဟောကြားသည့်နေ့ (၁၅-၁၂-၆၀)

စာလိုသုံးလို့ရှိရင် -

၁။ ကာမစ္ဆန္ဒနီဝရဏ

၂။ ဗျာပါဒနီဝရဏ

၃။ ထိနမိဒ္ဓနီဝရဏ

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ

၅။ ဝိစိကိစ္ဆာ နီဝရဏ လို့ ခေါ်သည်လို့ မှတ်ထားကြပါ...။ (မှန်ပါ့)။

**ဘာ့ကြောင့် နီဝရဏလို့ခေါ်ပါသလဲ**

ဘယ့်နှယ်ကြောင့် နီဝရဏလို့ ခေါ်ရပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့် ဒကာဒကာမတို့သန္တာန်မှာ ဘဝများစွာ သံသရာက ဒီငါးခုကို ဖယ်ထုတ်ရမည့်နည်းကို မသိ

သည့်အတွက်ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ပိတ်ပင်ထားတယ်... (မှန်ပါ့)။ ဒါဖြင့် နိဗ္ဗာန်မဂ်ဖိုလ်ပိတ်တဲ့တရား ဘယ်နှစ်ပါးရှိပါလိမ့်...(ငါးပါးရှိပါတယ်ဘုရား)။

အဲဒီတော့ နိဗ္ဗာန်မဂ်ဖိုလ်တော့ တားမြစ်ပိတ်ပင်ထားတယ်ဆိုသဖြင့် အားလုံး ဒကာ ဒကာမတွေ သိမှတ်စရာက သုံးဆယ့်တစ်ဘုံ၊ အပါယ်လေးဘုံ ဒီအထဲမှာ ဆင်းရဲလမ်းကိုတော့ဖြင့် လမ်းဖွင့်ထားတယ် မှတ်ရမယ်...(မှန်ပါ့ဘုရား)။

နိဗ္ဗာန်မဂ်ဖိုလ်တော့ ဘာလုပ်ထားသတုံး (တားမြစ်ပိတ်ပင်ထားပါတယ်) ဆင်းရဲတွင်းတွေကတော့ (လမ်းဖွင့်ထားပါတယ် ဘုရား)။

**ဖယ်ရှားတတ်ဖို့အရေးကြီးတယ်။**

အဲဒါကြောင့် ဒီတရားသည် ဒကာ ဒကာမတို့ ဖယ်ရှားတတ်ဖို့ အလွန့်အလွန် အရေးကြီးတယ်လို့ မှတ်ကြပါ...။ (မှန်ပါ့ဘုရား)။

ဒီတရားသည် အပါယ်လေးပါးကိုတော့ တံခါးဖွင့်တယ်။ နိဗ္ဗာန်မဂ်ဖိုလ်ကိုတော့ ပိတ်ပင်တယ်။ အဲဒီတော့ ဒီဥစ္စာ ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်းနဲ့ပေါင်းမှသာလျှင် သူ့ကို ဖယ်ရှားတဲ့နည်း နိဿရည်းကို ရမယ်လို့ မှတ်ရမယ်...။ (မှန်ပါ့ဘုရား)။

ဒါ... ဘုရားရှိနေလည်း ဒကာဒကာမတွေ သန္တာန်မှာ ဒီတရားတွေက လောဘ၊ ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာဆိုတာက ဘုရားရှိလည်း ခန္ဓာကိုယ်ထဲမှာ ကိန်းနေတာပဲ (မှန်ပါ့)။ ဘုရားရှိတဲ့အခါမှာလည်း သတ္တဝါတွေသန္တာန်မှာ မကိန်းဘူးဆိုလို့မရဘူး။ (မှန်ပါ့)။ ဘုရားရှိလည်း ပိတ်

ပင်တာပဲ(မှန်ပါ့)။ ဒါဖြင့် ဘယ်အခါမဆို ပိတ်ပင်တတ်တဲ့ တရားဖြစ်လေသောကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ပိတ်ပင်တတ်တဲ့တရား ဖြစ်လေသောကြောင့် နီဝရဏတရား (မှန်ပါ့)။ သုံးဆယ့်တစ်ဘုံ အပါယ်လေးပါးကိုလည်း ဖွင့်တတ်သောကြောင့် သူ့ကို မကောင်းသောတရား အညစ်အကြေးရှိတဲ့ တရားလို့ ဆိုလိုက်ပါ... (မှန်ပါ့ဘုရား)။

ကောင်းပြီ...။ ဒါဖြင့်... ၁။ ကာမစ္ဆန္ဒနီဝရဏဆိုတဲ့ လောဘကိုလည်း ဒကာဒကာမတွေအား ဟောပြီးသား ဖြစ်ပါတယ်... (မှန်ပါ့ဘုရား)။ ၂။ ဗျာပါဒ နီဝရဏဆိုတဲ့ ဒေါသကိုလည်း ဟောပြီးသားဖြစ်လို့ ဖယ်တတ် ရှားတတ်ပါပြီ (မှန်ပါ့)။ ၃။ ထိနမိဒ္ဓ နီဝရဏဆိုတာလည်း ငိုက်မျဉ်းခြင်း၊ သက်တမ်းနုတ်ခြင်း၊ သာသနာတွင်းအသက်တမ်းတွေကို အကုန်နုတ်ပစ်လိုက်တာ သိပြီးသား ဖြစ်ပါပြီ... (မှန်ပါ့ဘုရား)။

### ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ။

ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏဆိုတဲ့ နံပါတ်(၄)ကို ယနေ့ညစပြီးဟောမယ်၊ ဥဒ္ဓစ္စဆိုတာကတော့ ဒကာ၊ ဒကာမတွေသိတဲ့အတိုင်း ဘုန်းကြီးများက ဒကာ၊ ဒကာမတို့ ဝေဒနာနုပဿနာရှု၊ ကာယာနုပဿနာရှု၊ စိတ်ရှု၊ ဓမ္မာနုပဿနာရှုလို့ ဆိုကြားသော်လည်း တခြားသောစိတ်က ဝင်လာပြီးသကာလ ဟိုအာရုံပြု၊ ဒီအာရုံပြုနဲ့ ထားတဲ့ဆီမှာ မနေဘူးဗျာ (မှန်ပါ့)။ အဲ့ဒါကို ဥဒ္ဓစ္စနီဝရဏလို့ ခေါ်ပါတယ်... (မှန်ပါ့ဘုရား)။

ဥဒ္ဓစ္စကိုတော့ မနေ့က ဟောပြီးသားဖြစ်နေသောကြောင့် ဥဒ္ဓစ္စ ဖြစ်ပျက်ပြီး မူလကမ္မဋ္ဌာန်းဖြစ်တဲ့ ဆရာပေးထားတဲ့ကမ္မဋ္ဌာန်းကို ပြန်ကောက်ရင်ရပါတယ်... (မှန်ပါ့ဘုရား)

ဥဒ္ဒစ္စတော့ ပြောပြီးပြီ၊ ကုက္ကုစ္စကလေးပြောဖို့ ယနေ့ ကျန်နေတယ်၊ သူက ဥဒ္ဒစ္စနီဝရဏကိုး (မှန်ပါ့)။ ကုက္ကုစ္စ မကျန်ဘူးလား (ကျန်ပါတယ်ဘုရား)။ အဲဒီတော့ ကုက္ကုစ္စကို ယနေ့ပြောမယ်၊ အရေးကြီးတယ်ဆိုတာ မှတ်စမ်းပါ (မှန်ပါ့ ဘုရား)။

**ကုက္ကုစ္စ**

တရားအားထုတ်တော့မယ်လို့ စိတ်ကူးတော့ ဒကာ ဒကာမတွေဟာ မမှားသော ရှေ့နေ၊ မသေသော ဆေးသမား ဆိုတာ ဘယ်သူမှမကင်းနိုင်ဘူးနော် (မှန်ပါ့)။ အကုသိုလ်တွေ ပြုပြုနေရာ ငယ်စဉ်အခါတုန်းက မသိမလိမ္မာလို့ မူးခဲ့၊ ရူးခဲ့၊ တေခဲ့၊ လေခဲ့ကြတယ်။ ဒါတွေဟာ ဘာမှ ကြောက် စရာမရှိပါဘူး (မှန်ပါ့)။ ကြောက်စရာမရှိတာက ဘုန်းကြီး ပြောချင်တာက ကိုယ် ဒီအလုပ် ဝိပဿနာအလုပ်ကို လုပ် တော့မယ်၊ ငါ့မှာ ဒီဟာတွေက အရှိသားပဲ ။ ငါတော့ မူး ရူးတေလေ လိမ်ကောက်ကျစ်ထားတာတွေ၊ အို... ဒါတွေကို ဒကာ၊ ဒကာမတွေ နှလုံးမသွင်းနဲ့၊ နှလုံးသွင်းရင် သူက ကုက္ကုစ္စ (မှန်ပါ့)။ နှလုံးကို ဒကာ ဒကာမတွေက နှလုံးမသွင်း နဲ့၊ နှလုံးသွင်းရင် သူက ကုက္ကုစ္စ (မှန်ပါ့)။ နှလုံးသွင်းလို့ရှိရင် တော့ သူက လာတားတာပဲ... (မှန်ပါ့ဘုရား)။

**မဂ်ဖိုလ်တားမလို့ လာတာ။**

သူ့ကို ဥပေက္ခာရှုလိုက်ပါ ဒကာ ဒကာမတို့ (မှန်ပါ့)။ သူဟာ မဂ်တား၊ ဖိုလ်တားမလို့ လာတဲ့တရားပါပဲ (မှန်ပါ့)။ အစစ်တားမလားလို့ မေးတော့ ဖယ်ရှားတတ်ရင် အစစ်မတား ပါဘူးလို့ မှတ်ကြပါ... (မှန်ပါဘုရား)။

ဒါဖြင့် ပြုပြီးသား ဒုစရိုက်တွေကို ပြန်မအောက်မေ့ဘဲနဲ့ ကြိုးစားပါ... (မှန်ပါ့ဘုရား)။

ဒါ ကုက္ကုစ္စသဘောနော် (မှန်ပါ့)။ ကုက္ကုစ္စက နှစ်သဘောရှိတယ်လို့ မှတ်ရမယ်။ (မှန်ပါ့)။ ဒုစရိုက်တွေဆိုတာက ငယ်ငယ်တုန်းက တောခဲ့၊ လေခဲ့၊ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လိမ်ခဲ့၊ ကောက်ခဲ့, ကျစ်ခဲ့ကြတယ်။ အခု ဆရာကောင်းနဲ့တွေ့မှ တရားအားထုတ်ကြမယ်ဆိုတော့ ဒါတွေကများ ခံနေမလားလို့ သူကြားက ထိုးလာတတ်တယ်...(မှန်ပါ့ဘုရား)။

ကြားထဲက ထိုးလာလို့ရှိရင် ဒကာသစ်တို့က ဟော့တို့ဆရာဘုန်းကြီးက ဟောထားတယ်၊ ဘုရားဟောတဲ့နည်းအတိုင်း ဒါတွေဟာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တားမလို့လာပေမယ့် ကိုယ့်လုပ်ရိုးလုပ်စဉ် ဆရာပေးထားတဲ့ အလုပ်ကိုသာလျှင် လုပ်လို့ရှိရင် သူတို့က မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တားမြစ်နိုင်တာ မဟုတ်တော့ဘူးဆိုပြီးသကာလ အကုသိုလ်တွေပြန်ပြီး စိုးရိမ်တဲ့စိတ်တွေ လာတတ်တယ် (မှန်ပါ့)။ စိုးရိမ်တဲ့စိတ် အလိုလိုဖြစ်နေတဲ့စိတ်ကို ပြန်ပြီး ဖြစ်ပျက်ရှုပစ်လိုက်ပါ ...(မှန်ပါဘုရား)။

ဦးလှဘူးတို့၊ ဒကာကြွယ်တို့ ဘယ်သူမှ ငယ်ငယ်တုန်းကစပြီး တောက်လျှောက်လိမ္မာတဲ့ မျိုးရိုးရယ်လို့ဆိုတာကတော့ ရှားပါတယ်၊ မရှိပါဘူး။ မရှိတဲ့အပြင် အပေါင်းအသင်းနဲ့ပဲ အမျိုးမျိုးအဖုံဖုံ အရပ်ဒေသအလိုက် ဆိုတာတော့ လူတိုင်းပဲ မုသားကလေး သုံးလိုက်၊ ကောက်ကျစ်တဲ့စိတ်ကလေး ပေါ်ချင်လည်းပေါ်လိုက်၊ သူ့အပေါ် မကျေနပ်တာတွေကလည်း ပေါ်ချင်လည်း ပေါ်လိုက်၊ သူ့အပေါ် မကောင်း

ကြုံတာတွေလည်း ပေါ်ချင်ပေါ်လိုက်၊ ငါငယ်ငယ်တုန်းက မိုက်ခဲ့တယ်၊ အခုဆရာသမားနဲ့တွေ့တော့ တရားအားထုတ်တယ်၊ မိုက်ခဲ့တဲ့ကံတွေက ခက်ဦးမှာပဲလို့ ပြန်တွေးလို့ရှိရင် ကုက္ကုစ္စဝင်လာတယ် (မှန်ပါ့ဘုရား)။

**အချိန်ကောင်းမှာ ဝင်လာတတ်တယ်နော်။**

ဒါတွေကို ပြန်တွေးပြီး သကာလ ဒကာ ဒကာမတွေ ကိုယ့်သန္တာန်မှာ ချက်ကောင်း အချိန်ကောင်းမှ ဝင်လာတတ်တယ်နော်...(မှန်ပါ့)။ တရားအားထုတ်တော့မယ်ဆိုမှ ကိုယ့်ကိုယ်ကို သံသယဖြစ်ပြီး ငါ မူးခဲ့တယ်၊ ရူးခဲ့တယ်၊ လေခဲ့တယ်ဆိုတာ ဒကာ၊ ဒကာမတွေစိတ်ထဲမှာ ပေါ်တတ်တယ် (မှန်ပါ့)။ ပေါ်လာလို့ရှိရင် ဒီဟာတွေကို ဖြစ်ပျက်သာ ရှုပစ်ပါ (မှန်ပါ့)။ ဒါတွေဟာ အနိစ္စတွေပဲ၊ အခု စိတ်ထဲ ပေါ်လာပြီး ဒုစရိုက်တရားခံတွေပေါ်လာရင် အဲဒါတွေကို အကုန်လုံး ဒကာသစ်တို့က ဖြစ်ပျက်ရှုပစ်လိုက်... (မှန်ပါ့)။ မတားနိုင်တော့ဘူး... (မှန်ပါ့)။ တားနိုင်သေးရဲ့လား (မတားနိုင်ပါဘုရား)။ ဖြစ်ပျက်ရှုဖို့သာ အရေးကြီးတယ် (မှန်ပါ့ဘုရား)။

**မကောင်းတဲ့စိတ်တွေ ဖြစ်ပျက်ရှု**

ဒါဖြင့်... အရေးကြုံမှပေါ်လာတဲ့ မကောင်းတဲ့စိတ်တွေကို ဦးဘအုန်း ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်ရှုပြီးသကာလမှ မနေ့ကပြောတဲ့အတိုင်း ဆရာဘုန်းကြီးပေးထားတဲ့ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်တာပေါ့...(မှန်ပါ့)။ မဂ်ဖိုလ်မတားနိုင်ဘူးဆိုတာ သေချာပလား...

လက်ခံရင်တော့ တားလိမ့်မယ်၊ လက်မခံရင်တော့ ဖြင့် (မတားပါဘုရား)။ အဲ... လက်မခံတဲ့နည်းက ဖြစ်ပျက်ရှုတဲ့နည်း (မှန်ပါ့)။ ဒါ ဘယ်တရားတွေရှုရမှာတုံးမေးတော့ ဒုစရိုက်ဆယ်ပါးတရားတွေ လာတိုင်းလာတိုင်း ဦးဘအုန်း ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်)။ သဘောကျပလား (ကျပါပြီဘုရား)။

ဒုစရိုက်ဆယ်ပါး လာတိုင်းလာတိုင်း ပါဏာတိပါတ ပြုခဲ့ဖူးတာတွေ ပေါ်နေလို့ရှိရင်လည်း အဲဒီ ပေါ်တဲ့စိတ်ကလေးကိုလည်း ဖြစ်ပျက်ရှု (မှန်ပါ့)။ အဒိန္နာဒါနာ– သူပစ္စည်းကို ခိုးတာ ဝက်တာလေး ပေါ်လာလို့ရှိရင် ဒါလေးကို ဖြစ်ပျက်ရှုပစ်... (မှန်ပါ့)။ ကာမေသုမိစ္ဆာစာရ– သူ့သားမယား ပြစ်မှားမိတယ်... ဒါလည်း ဖြစ်ပျက်ရှုပစ်ပါ။ ဒီစိတ်ကလေး ပေါ်လာရင် ဖြစ်ပျက်ရှုပစ်ပါ (မှန်ပါ့)။ လိမ်လည်ကောက်ကျစ်တဲ့စိတ်ကလေးဟာ များသောအားဖြင့် ဘယ်သူမှ မလွတ်ခဲ့ဘူး... (မှန်ပါ့)။ အဲဒါကလေး ပေါ်လာရင်ကော (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။ သေရည်သေရက်သောက်ခဲ့တာ မူးတဲ့စိတ်ကလေးက ကန့်လန့် လာလုပ်နေရင်ကော (ဖြစ်ပျက်ရှုရပါမယ်)။

### ကုက္ကုစ္စကို ဖြစ်ပျက်ရှု

ငါ့မှာ နဂိုတုန်းက မူးရူးထားတဲ့စိတ်ကလေးဟာ ရှိခဲ့တယ်လို့ အခုမှပေါ်လာတဲ့စိတ်လည်း ဖြစ်ပျက်ရှုပစ်လိုက်လို့ရှိရင် ဒါ ကုက္ကုစ္စကို ဖြစ်ပျက်ရှုတာပဲ (မှန်ပါ့)။ ပြအပ်ပြီးသော ဒုစရိုက်တွေကိုးဗျ၊ ဒုစရိုက်ဆယ်ပါးပေါ့ဗျာ... (မှန်ပါ့)။ မုသာဝါဒါ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ ဝစီကံလေးပါး (မှန်ပါ့)။ အဘိဇ္ဈာ=ဗျာပါဒမှာလည်း သူ့

စည်းစိမ် ရှေးရှုကြံစည်ခဲ့တယ်၊ ကြံစည်တဲ့စိတ်ကလေးလည်း ဖြစ်ပျက်ရှု (မှန်ပါ့)။ ဗျာပါဒတဲ့၊ သူ့အပေါ် မကောင်းကြံ တဲ့စိတ်ကလေး၊ ပြစ်မှားတဲ့စိတ်ကလေး၊ မကျေနပ်တဲ့စိတ် ကလေး ပေါ်လာရင်ကော (ဖြစ်ပျက်ရှုရမှာပါဘုရား)။ မိစ္ဆာ ဒိဋ္ဌိလာလည်း ထို့အတူပဲ၊ ကောင်းတာလုပ် ကောင်းကျိုး ပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ဆို တဲ့သဘောကလေး သိပြီးသကာလ ဒိဒိဋ္ဌိဟာ ငါ နဂိုတုန်း က မှားခဲ့တာတွေပဲ၊ အဲဒီအမှားကိုလည်း ဒိဋ္ဌိစိတ်ကလေး ဖြစ်ပျက်ရှုပါ… (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒီကဲ့သို့ ရှုပစ်လိုက်လို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ပြုအပ်ပြီးသောဒုစရိုက်တွေက တားနိုင်သေး ရဲ့လား… (မတားနိုင်ပါဘုရား)။

## ပြုပြီးသားဒုစရိုက်တွေ ဖြစ်ပျက်ရှု

အဲ သူတို့ဟာ ဒကာသစ်ရေ ဆရာရင်း ဒကာရင်းမို့ ပြောရရင် ချက်ကောင်းကျမှ လာတတ်တာနော် (မှန်ပါ့ ဘုရား)။ ပြုအပ်ပြီးသော ဒုစရိုက်တွေ တားနိုင်သေးရဲ့လား၊ တကယ် သူတော်ကောင်းအလုပ်ကို လုပ်တဲ့အချိန်၊ မဂ်ဖိုလ် ရခါနီးအချိန်ကျမှ သူတို့ကလာပြီး ကန့်ကွက်တတ်တယ်။ (မှန်ပါ့ဘုရား)။

ဒါကြောင့် ပြုပြီးသားဒုစရိုက်ကိုလည်း ဘာလုပ်ရမယ် (ဖြစ်ပျက်ရှုရပါမယ်)။ အောက်မေ့နေရင် ကုက္ကုစ္စ (မှန်ပါ့)။ ဖြစ်ပျက်ရှုလိုက်လို့ရှိရင် ဝိပဿနာ… (မှန်ပါဘုရား)။

အဲဒီလို လဲလှယ်ဖို့ နည်းကောင်းရပြန်တော့လည်း ဦးဘအုန်းရေ ဘာမှကိစ္စမရှိဘူး (မှန်ပါ)။ ဘာမှ ကိစ္စမရှိဘူး ဒကာ၊ ဒကာမတွေ ဒါကိုကြောက်စရာမလိုဘူး (မှန်ပါဘုရား)။

**နှစ်ပေါင်းနှစ်သောင်းရဟန်းကြီး**

နို့မဟုတ်လို့ရှိရင် သူ တစ်ခါတည်း သေခါနီးများ သူ လာတတ်သေးတယ် (မှန်ပါ)။ ကျုပ်တို့ဆီကို တစ်ခါ တစ်ခါ ကြုံတဲ့ ဒကာ၊ ဒကာမတွေလည်း နာဖူးပါလိမ့်မယ်။ "ရေကပတ္တနဂါးမင်းကြီး"ဆိုတာ ကြားဖူးကြပါလိမ့်မယ် (မှန်ပါ)။ သူဟာ အနှစ်နှစ်သောင်း ရဟန်းတရားအား ထုတ်ခဲ့တယ် (မှန်ပါ)။ အနှစ်နှစ်သောင်း ရဟန်းတရား အားထုတ်တယ်ဆိုတော့ အသက်ရှည်တဲ့ အခါကာလမို့ တော်တော်ပဲကြာတာပေါ့ဗျာ (မှန်ပါ)။

**ပိန်းရွက်ကလေး ပြတ်သွားတယ်။**

အဲဒီအားထုတ်စဉ်အခါတုန်းက သူက မြစ်ကမ်းပါးမှာ နေတော့ လှေကလေးနဲ့ ဆွမ်းခံထွက်ရတယ်။ လှေကလေး ကို တက်ကလေးနဲ့ လှော်နေတုန်းပဲ ဦးကလေးက လည်သွား တဲ့အခါမှာ ကမ်းပါးရှိတဲ့ ပိန်းရွက်ကလေးကို သူက ဆွဲလိုက် တယ် (မှန်ပါ)။ ဆွဲမိတော့ ရေစီးကသန် လှေအားက လေး တာနဲ့ ပိန်းရွက်ကလေး ပြတ်ထွက်သွားတယ်(မှန်ပါ)။ ရဟန်း များမှာတော့ ဒါဟာ ဘုတဂါမ် ဖျက်ဆီးမှုအတွက် အာပတ်သင့်တာပေါ့ဗျာ (မှန်ပါဘုရား)။

အဲဒါနဲ့ ဒီအာပတ်ကလေးကို သူက ဒေသနာ မကြား မိဘူး။ မဖြေဖျောက်မိဘူးပေါ့ဗျာ၊ ဘာမှလည်း မဖြစ်လောက် ဘူး (မှန်ပါ)။ ဒါဟာ ကိုယ့်သဘောနဲ့ကိုယ် ပြတ်ကရောဟဲ့

ဆိုပြီး လုပ်တာလည်း မဟုတ်ဘူး။ လှေလည်သွားမှာစိုးလို့ ဆွဲလိုက်တာနဲ့ သူ့အလိုလို မနိုင်လို့ ပြတ်တာပဲ (မှန်ပါ့ဘုရား)။

**သေခါနီးကျမှ ကုက္ကုစ္စဖြစ်တယ်။**

အဲဒါကလေးဟာ ဒကာအုန်းတို့၊ ဒကာသစ်တို့ ဒီကိုယ်တော်ကြီး ပျံလွန်တော်မူတော့မယ်ဆိုတော့ သေခါနီးကျမှ ဒါကလေးကြောင့် ငါခက်တယ်က လာတယ် (မှန်ပါ့)။ ဒါကလေးကြောင့် ငါခက်တယ်လို့ လာတော့ ကုက္ကုစ္စဖြစ်နေတယ်၊ သဘောကျပလား (ကျပါပြီဘုရား)။

သို့လော သို့လော တွေးတာ ဘာခေါ်မယ်... (ကုက္ကုစ္စပါဘုရား)။ အဲဒါကလေးကြောင့် ငါခက်တယ်ဆိုပြီးသကာလ စုတိစိတ်ကျတော့ ဂင်္ဂါမြစ်ထဲမှာ နဂါးကြီးဖြစ်သွားတယ်။ (မှန်ပါ့)။ အားထုတ်ခဲ့တာတွေတောင် ကယ်နိုင်သေးရဲ့လား (မကယ်နိုင်ပါဘုရား) ဘာကြောင့်တုံးဆိုတော့ ကုက္ကုစ္စနှိပ်စက်လိုက်တာ (မှန်ပါ့ဘုရား)။

**နဂါးကြီးသွားဖြစ်တယ်။**

ဒါဟာ ဒကာ၊ ဒကာမတို့ အခုလို ဖယ်ရှားတဲ့နည်းကို မကျင့်သုံးခဲ့လို့ပဲ (မှန်ပါ့)။ အဲဒီတွင် ဦးလှဘူး ဩော်... ငါဟာ အနှစ်နှစ်သောင်းလည်း တရားအားထုတ်ခဲ့သေးတယ်၊ အခုလည်း ရေထဲမှာ ရင်ဘတ်နဲ့ သွားရတဲ့ နဂါးကြီးဖြစ်ပြီး ဖားစိမ်းစား၊ ငါးစိမ်းစားဖြစ်နေတော့တယ်ဆိုပြီး သူ့မှာသမီးကလေးတစ်ယောက် မွေးဖွားလာတာနဲ့ လူ့ပြည်မှာ ဘုရားပွင့်၊ မပွင့် စုံစမ်းရတာ ဦးဘအုန်း ရေထဲကနေပြီး စုံစမ်းရတယ် (မှန်လှပါဘုရား)။

သမီးကလေးကို နဂါးကြီးက ပါးပျဉ်းခွေခေါင်းပေါ်မှာတင်ပြီးသကာလ ခြောက်ဒွါရအစိုးရတဲ့ပုဂ္ဂိုလ် ဘယ်သူလဲဆိုတဲ့ ဂါထာတွေပေါ့ဗျာ... (မှန်ပါ့) အဲဒီဝတ္ထုတွေထုတ်နေရင် ရှည်နေမှာစိုးလို့ မထုတ်ပါဘူး။ ထုတ်လိုက်ရင်လည်း တစ်နာရီလောက်ကြာသွားလိမ့်မယ်... (မှန်ပါ့ဘုရား)။

**တပည့်တော်ကယ်တော်မူပါဘုရား။**

ဒီလိုချည်း မေးခွန်းဂါထာတွေ ထုတ်မေးနေတော့ ဘယ်သူမှ မဖြေနိုင်ဘဲ ရှိကြတယ်။ ဒါနဲ့ ဘုရားပွင့်လာတော့မှ လူတစ်ယောက်က သွားဖြေမယ်လုပ်တော့မှ ဘုရားကခေါ်ပြီး မင်း ဘယ်လိုဖြေမတုံး၊ ဒီလိုဒီလို ဖြေပါ့မယ်ဘုရား ဆိုတော့ အို မင့်အဖြေ အမှားချည်းပဲ ခြောက်ဒွါရအစိုးရတဲ့ ပုဂ္ဂိုလ်ဟာ မင်းပဲလို့ ဉတ္တရလုလင်ကို အဖြေခိုင်းလိုက်တဲ့ အခါကျတော့မှ ဘုရားပွင့်မှန်း သိတယ်၊ (မှန်ပါ့)။ ဪ ဘုရားပွင့်လို့ ဒီဂါထာ အဖြေမှန်ထွက်လာတာပဲဆိုတာ သိတယ် (မှန်ပါ့ဘုရား)။

အဲဒီတွင်မှ တန်ခိုးကြီးတဲ့ နဂါးလည်းဖြစ်နေတော့ လူယောင်ဖန်ဆင်းပြီးသကာလ ဘုရားဆီ ပြေးလာတာပဲ (မှန်ပါ့)။ ပြေးလာပြီး တပည့်တော်အနှစ်နှစ်သောင်း အားထုတ်ခဲ့ပါတယ်ဘုရား၊ ပိန်းရွက်ကလေး ပြတ်သွားတာ သေခါနီးမှာ ကုက္ကုစ္စဝင်လာတာနဲ့ အခုရင်ဘတ်နဲ့သွားရတဲ့ ဖားစိမ်း၊ ငါးစိမ်းစား ဖြစ်ရပါတယ်။ တပည့်တော်ကို ကယ်တော်မူပါတဲ့ ...(မှန်ပါ့)။

**လူ့ဘဝရအောင် လုပ်ပါဦး။**

ဒီနဂါးအဖြစ်နဲ့ ကျွတ်တမ်းဝင်ဖို့ မကယ်နိုင်ဘူး။ လူ့ဘဝရအောင် ပြန်လုပ်ပါဦး... (မှန်ပါ့)။ ဒီတော့ တိရစ္ဆာန်ဘဝက လူ့ဘဝရဖို့ အတော်ခဲယဉ်းတယ် (ခဲယဉ်းပါတယ်ဘုရား)။

ကဲ ဒကာ၊ ဒကာမတို့ ဘယ်သူ့ကြောင့် နဂါးဖြစ်ရတယ်။ တိရစ္ဆာန်ဘုံသွားရတယ်ဆိုတာ ဒကာအုန်းတို့၊ ဒကာသစ်တို့ သိရောပေါ့ဗျာ (သိပါပြီဘုရား)။ ဘယ်သူ့ကြောင့်ပါလိမ့်ဗျာ (ကုက္ကုစ္စကြောင့်ပါဘုရား)။ သံသယမရှိကောင်းတာ သံသယရှိနေတယ်... (မှန်ပါ့ဘုရား)။

**လာချင်တာလာ၊ ဖြစ်ပျက်သာရှုပစ်ပါ။**

ဒါ့ကြောင့် ခင်ဗျားတို့ ဒီလာတဲ့အထဲမှာ နဂိုကအကုန် လူလိမ္မာချည့် ဖြစ်နေခဲ့ကြရင် ဘယ်သူမှ တရားနာတောင် လာစရာမလိုတော့ဘူး... (မှန်ပါ့)။ ကိုယ့်အပြစ်တွေကိုဖြေဖျောက်နည်းနိသရည်း လာရှာကြတော့ အခုပြောတဲ့ငယ်ငယ်တုန်းက တောခဲ့၊ ပေခဲ့ ဒုစရိုက်ဆယ်ပါးတွေပေါ့ဗျာ၊ လာချင်တာလာပါစေ ဒကာဒကာမတို့ ဖြစ်ပျက်သာရှုပစ်၊ သူ့ကိုရှုပြီး ကိုယ့်မူလကမ္မဋ္ဌာန်းကိုသာ ပြန်ကောက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် မတားနိုင်ပါဘူး ... (မှန်ပါ့)။ သူဝင်လာနေရင်တော့ တားဖို့ပဲ (မှန်ပါ့)။ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကဲ ဒါဖြင့် ဒကာ၊ ဒကာမတို့ ခုနင်ကပြောခဲ့တဲ့ ဧရကပတ္တနဂါးမင်းကြီးကို လူဖြစ်အောင် လုပ်ပါဦးကွာဆိုပြီး ဦးဘအုန်း ဇာတ်သိမ်းရရှာတယ် (မှန်ပါ့)။ ဘယ်သူချလိုက်တာပါလိမ့် (ကုက္ကုစ္စ ချလိုက်တာပါဘုရား)။ ကိုယ်ပြုလာတဲ့

အပြစ်က ကြီးသလားလို့မေးရင် ဘယ့်နှယ်ဖြေပါ့မလဲ (မကြီးပါဘုရား)။

အပြစ်ကတော့ မကြီးလှဘူး။ ဒါပေမဲ့ သံသယက ကြီးသွားတယ် (မှန်ပါ့)။ သေခါနီးမှ ဟိုဘဝကူးခါနီး၊ ဟိုဘဝရောက်ခါနီးမှ ဝင်ပေါက်မှလာပြီး သူကနေပြီး အမှုထမ်းပစ်လိုက်တယ် (မှန်ပါ့)။ သိပ်ကြောက်စရာကောင်းတယ်။ (ကောင်းပါတယ်ဘုရား)။

**ကိုယ့်ခန္ဓာကိုယ်၊ ဖြစ်ပျက်ရှုသေပါ။**

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သေတဲ့အချိန်ညွှန်နည်းကို ခဏခဏသင်ပေးနေတာ… (မှန်ပါ့) နှလုံးသွင်းနည်း ခဏခဏသင်ပေးနေတော့ ဒကာဒကာမတွေက သေမည့်အချိန်ကျတော့ ကိုယ့်ခန္ဓာကိုယ် ဖြစ်ပျက်ရှုသေပါ …(မှန်ပါ့) ဒီပြင်ဟာတွေ ဘာမှတွေးမနေနဲ့၊ သားတွေးနေရင်ဖြင့် သားကြောင့်ပြိတ္တာဖြစ်မယ်၊ သမီးကိုနေရာချမထားရသေးလို့ဆိုတာမျိုးလာရင်လည်း သူတို့ကနေပြီး ခုနင်က ပြောခဲ့တဲ့ နဂါးတို့၊ ငါးတို့ စသည်ဖြစ်အောင် လုပ်မှာပဲ… (မှန်ပါ့) ခင်ဗျားတို့ သေခါနီးမှာ လောကွတ်မချော်ပါနဲ့လို့ ပြောလိုတယ် (မှန်ပါ့)။

**သေခါနီးမှာ လောကွတ်မချော်ပါနဲ့**

ဒကာကြွယ် ဘယ်လိုမှာသတုံး၊ (သေခါနီးလောကွတ်မချော်ပါနဲ့ဘုရား) ကိုယ်ပြိတ္တာဖြစ်အောင် ကိုယ်တိရစ္ဆာန်ဖြစ်အောင်ဖြင့် အားလုံးတရားတစ်ပွဲလုံး လောကွတ်မချော်ပါနဲ့… (မှန်ပါဘုရား) သူတို့ကတော့ဖြင့် ခင်ဗျားတို့ကို ဆွမ်းသွတ်ပြီးသကာလ တို့အဖေ၊ တို့အမေဖြင့် လားရာဂတိ၊

သွားရာဂတိ ကောင်းပါစေသား ဆိုသော်လည်း ကိုယ် လောကွတ်ချော်မှုကြောင့် မကောင်းတာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကုက္ကုစ္စနီဝရဏဆိုတာ ခုနင်က ရေကပတ္တနဂါးမင်း ဖြစ်လာမည့် ရဟန်းကို သူကနေပြီး မဂ်ဖိုလ်ပိတ်လိုက်တာ ကြည့်စမ်း တိရစ္ဆာန်ဘဝ သွားပြီးဖြစ်ရတယ်... (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ဒီလိုဘုန်းကြီးက အထပ်ထပ်သင် နေတာကိုလည်း ခင်ဗျားတို့က အပြစ်မယူနဲ့၊ ခင်ဗျားတို့က လောကွတ်ချော်တာ များလွန်းလို့... (မှန်ပါ့ဘုရား)

ဒကာကြွယ် ဘာတုံး (လောကွတ်ချော် များပါတယ် ဘုရား)။ သမီး ဘယ်လိုနေရစ်မတုံး၊ သား ဘယ်လိုနေရစ် မတုံး၊ မြေးကလေး ဘယ်သူထိန်းမလဲ၊ ဒီတိုက်တာတွေ ဒီအလုပ်တွေကို အုပ်မှအုပ်ချုပ်နိုင်ကြပါ့မလား၊ အံမာ ...ဒကာ ကြွယ်တို့ကလာရင် ဒါတွေလာစရာပေါ့ဗျာ (မှန်ပါ့)။ လာရင် ဒါဟာ ဘာတုံးလို့ မေးလို့ရှိရင် ကုက္ကုစ္စသာမှတ် ပေတော့ (မှန်ပါ့)။

**သေခါနီးမှာ မဂ်ဖိုလ်ရနိုင်တယ်။**

ပြုအပ်ပြီးသော ဒုစရိုက်တွေကို ပြန်ပြီးသကာလ တွေး ရင်လည်း ကုက္ကုစ္စပဲ... (မှန်ပါ့)။ ဒီ ...ကုက္ကုစ္စသည် ဒကာ၊ ဒကာမတို့ သူဝင်လာရင် မဂ်တား ဖိုလ်တားမလို့ (မှန်ပါ့)။ သူ့ကို ဖြစ်ပျက်ရှုပြီးသကာလ ဘုရားဟောအတိုင်း ဆရာ ဘုန်းကြီး ဆုံးမထားတဲ့ ရုပ်နာမ်ဓမ္မ ဖြစ်ပျက်ရှုလိုက်မယ်ဆို ရင် ခင်ဗျားတို့ သေခါနီးမှာတောင် မဂ်ဖိုလ်ရသွားနိုင်ပါတယ် (မှန်ပါ့)။

ဒါကြောင့် သေခါနီး နှလုံးသွင်းတတ်ဖို့ ခဏခဏသင် ရတာလည်း ဒကာကြွယ် နားကြားပြင်းကတတ်တယ်လို့ မအောက်မေ့နဲ့ (မအောက်မေ့ပါဘုရား)။ သေခါနီးမှ သူက လာတာ (မှန်ပါ့)။ ဦးလှဘူး ချက်ကောင်းမှလာတာ... (မှန်ပါ့)။ ချက်ကောင်းမှ နည်းနည်းကလေး ကိုယ့်ကိုယ် ကိုမထင်တဲ့အချိန်ကျတော့မှ ဩော် သမီးကလည်း တစ် ယောက်တည်း မြေးတွေနဲ့ ဘယ်လိုများနေရစ်ရှာမတုံး၊ သူ့အမေကလည်း တော်အောင်နဲ့၊ ဟာစကားတွေက ရှည်ကုန်ပြီ၊ အတွေးတွေက ရှည်ကုန်ပြီ ...(မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ဒကာ ဒကာမတွေ ဒီဥစ္စာက လူတိုင်းမှာလာတယ်နော်... (မှန်ပါ့ဘုရား)။

**ချက်ကောင်းမှလာတာ။**

ဒကာသစ် ဒီဥစ္စာက ချက်ကောင်းမှလာတာ (မှန်ပါ့)။ ဒကာအုန်း ဘယ်အချိန်လာသတုံး (ချက်ကောင်းမှလာ တတ်ပါတယ်)။ သေခါနီး ဟိုဘက်ဘဝကို ကံက ကျေးဇူးပြု တော့မယ်ဆိုမှ သူက ကံဝင်ပြီးလုပ်တာကိုး... (မှန်ပါ့)။

မကောင်းတဲ့ကံအဖြစ်နဲ့ ဝင်ပြီး အမှုထမ်းပြီးသကာလ မင်းသုဂတိသွားမှာဖြင့် မသွားရ၊ မင်းနိဗ္ဗာန်သွားမှာဖြင့် မသွားရ၊ သွားကွ အပါယ်လေးပါးဆိုပြီးသကာလ မဂ်ဖိုလ် နိဗ္ဗာန်ကို လာပိတ်တာ... (မှန်ပါ့)။ ဒါကြောင့် သူ့ကို ဘာ တရားလို့ ခေါ်ကြမလဲ... (နီဝရဏတရားပါဘုရား)။ နီဝရဏ တရားလို့ ခေါ်လိုက်စမ်းပါ... (မှန်ပါ့)။ ကဲ... ဘုရားပေး တဲ့နာမည်နဲ့ သူ့ဖြစ်စဉ်လုပ်ငန်းနဲ့ ကိုက်ပလား... (ကိုက်ပါ ပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့မှာတော့ ခက်လိုက်တဲ့ဖြစ်ခြင်းက ဦးလှဘူးရေ... ကိုယ်ပွားထားတာတွေလည်း မနည်းဘူး... (မနည်းပါဘုရား)။ မနည်းတဲ့အထဲ လူမမည်တွေကလည်း မနည်းလှဘူး... (မှန်ပါ့)။ လူမမည်ပြီးသကာလ အသုံးမကျတာတွေမနည်းလှ၊ စိတ်မချရတာတွေကော... (များပါတယ်ဘုရား)။ အဲ သေခါနီးမှ ဦးလှဘူးက လောကွတ်ချော်ပြီး ဒါတွေအတွက် ခက်သေးတယ်လို့ လုပ်မနေနဲ့၊ ကုက္ကုစ္စနဲ့သေရင် နဂါးသွားဖြစ်နေဦးမယ်... (မှန်ပါ့)။ သဘောကျပလား... (ကျပါပြီဘုရား)။

**နဂါးသွားဖြစ်ရင် ဆွမ်းသွတ်လို့မရ**

နဂါးများသွားဖြစ်နေရင် ဆွမ်းသွတ်လို့ရပါ့မလား (မရပါဘုရား)။ ဘယ်တော့ရမလဲ၊ တိရစ္ဆာန်ဟာ တိရစ္ဆာန်အစာစားတယ်... (မှန်ပါ့)။ တိရစ္ဆာန်ဟာ ခင်ဗျားတို့သွတ်တဲ့ ဆွမ်းကွမ်းတွေ သာဓုခေါ်နိုင်ပါ့မလား (မခေါ်နိုင်ပါ)။ ဒါကြောင့် မရနိုင်ဘူးလို့ ဘုရားက ဇာဏုသောဏိပုဏ္ဏားကို ဟောပါတယ် (မှန်ပါ့)။ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒုစရိုက်ဆယ်ပါးဆိုတာက ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးပေါ့ဗျာ (မှန်ပါ့)။ အဲဒါတွေ ဘယ်အခါကာလမှမလာစေနဲ့ (မှန်ပါ့)။ လာလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ဒါဟာ ကုက္ကုစ္စပါ... (မှန်ပါ့)။

ဒီကုက္ကုစ္စဟာလည်း တော်တော်ကလေး ခဲခဲယဉ်းယဉ်းလို့ မှတ်ရမယ်နော်... (မှန်ပါ့)။ ချက်ကောင်းမှလည်း ဦးဘအုန်း ဘာတုံး (လာပါတယ်ဘုရား)။

**မလ္လိကာမိဖုရားကြီး အဝီစိကျတယ်။**

အဲဒါကြောင့် မလ္လိကာမိဖုရားကြီး ထောက်ကြည့်ကြပါ။ (မှန်ပါ့)။ သေခါနီးမှ သူပြုတဲ့အပြစ်ကလေးကိုသွားပြီး ဝန်မချခဲ့ရတာကလေးတစ်လုံးနဲ့ပဲ ဦးဘအုန်းရေ အဝီစိကျတယ်။ (မှန်ပါ့)။ တကယ့်အလှူကြီးဖြစ်တဲ့ မဟာအသဒိသဒါနအလှူကြီးကို သူခေါင်းဆောင်ပြီး လှူခဲ့တာ၊ ဒါတောင်မှ အဝီစိကျသွားသေးတယ်ဆိုတော့ ကုက္ကုစ္စချလိုက်တာ (မှန်ပါ့)။ ဘယ်လောက်ကြောက်စရာကောင်းတဲ့ တရားလဲဆိုတာ ပေါ်လာပလား (ပေါ်ပါပြီဘုရား)။

**သေခါနီးကျရင်မလာစေနဲ့။**

အဲဒါကြောင့် တရားတစ်ပွဲလုံး သတိပေးပါတယ်။ အားလုံးမှတ်ကြပါ။ ဒီတရား သေခါနီးကျရင် မလာစေနဲ့ (မှန်ပါ့)။ တရားအားထုတ်ခဲ့သော် (မလာစေနဲ့ပါ)။ ဒါဖြစ်လာခဲ့သော် ဘာလုပ်မယ် (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။ လာခဲ့သော် သူတို့လည်း အနိစ္စပဲရှုပစ်ပါ (မှန်ပါ့)။ ပြီးတော့ ဘာလုပ်မလဲ (မူလကမ္မဋ္ဌာန်း ပြန်ကောက်ရပါမယ်ဘုရား)။

ဒါ့ကြောင့် ဒီဥစ္စာကို မနေ့က ချန်ထားခဲ့ရတယ်။ သြော် တော်တော်အရေးကြီးပါကလား။ ဒကာ၊ ဒကာမတွေ သေခါနီးများ ဒါလာလို့ရှိရင်ဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရခင်များ လာလိုက်မယ်ဆိုရင် နဂါးတို့၊ ဖားတို့ အကုန်ဖြစ်ရတော့မယ် (ဖြစ်ရမှာပါဘုရား)။ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်ဘုရား)။

**သိထားတော့ ရှောင်နိုင်တာပေါ့။**

အဲဒီတော့ သိထားတော့ ဒကာကြွယ် ရှောင်နိုင်သပေါ့ ဗျာ (ရှောင်နိုင်ပါတယ်ဘုရား)။ ဟာ ဒါ ဆရာဘုန်းကြီးက ပြောထားတယ်။ ဒီဥစ္စာ ကုက္ကုစ္စတဲ့၊ ရေကပတ္တတို့ အနှစ် နှစ်သောင်း အားထုတ်ပြီးတာတောင် နဂါးဖြစ်ရသတဲ့၊ ကုက္ကုစ္စ ကလေးတစ်လုံးချလိုက်တာ ဘယ်လောက်နာသတုံး (နာပါ တယ်ဘုရား)။

အဲဒါ မဖယ်ရှားလို့ဆိုတဲ့ အဓိပ္ပာယ်ကော ရှင်းပလား (ရှင်းပါပြီ)။ အခုတော့ ဒကာဒကာမတွေ ဖယ်ရှားတတ်ပလား (ဖယ်ရှားတတ်ပါပြီ)။ ဘယ်လို ဖယ်ပါ့မယ် (ဖြစ်ပျက်ရှုရ ပါမယ်ဘုရား)။

ဘာတွေပဲနောက်တုန်းက လုပ်ခဲ့လုပ်ခဲ့ ဒါတွေဝင်လာ လို့ရှိရင် ဖြစ်ပျက်ရှု၊ နိုင်အောင်ရှုချ... (မှန်ပါ့)။ နိုင်အောင် ရှုပြီးသကာလ ဘုန်းကြီးပြောထားတဲ့ဝေဒနာဖြင့် ဝေဒနာ ပြန်ကောက်၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်က စိတ်ပြန်ကောက်၊ ရုပ်ရှုတဲ့ ပုဂ္ဂိုလ်က(ရုပ်ပြန်ကောက်ရပါမယ်)။ ဒီလိုပြန်ကောက်လို့ရှိရင် ဦးဘအုန်းပြီးတာပဲ... (မှန်ပါ့)။ တားနိုင်သေးရဲ့လား ... (မတားနိုင်ပါ)။ နီဝရဏဟုတ်သေးရဲ့လား... (မဟုတ်ပါ ဘုရား)။

**မဖယ်နိုင်ရင် အပါယ်ပို့မလို့**

ကိုင်း... ဒါကြောင့် မူလကပြောခဲ့တဲ့စကားအတိုင်း ဖယ်နိုင်ရင်ဖယ်ပါ၊ မဖယ်နိုင်ရင် အပါယ်ပို့မလို့ (မှန်ပါ့ ဘုရား)။ သို့သော် ခင်ဗျားတို့ကလည်း လူကြီးတွေဖြစ် နေတော့ ဒီလိုဆရာသမားကမှ နည်းမပေးလို့ရှိရင်ဖြင့် ဒီ

သား၊ ဒီသမီး၊ ဒီမြေး ဒီကိုယ့်ရင်သွေးတွေကို ဘယ်လိုလုပ်ပြီးခွဲရမလဲဆိုတဲ့ဥစ္စာ လူမမည်တွေထားပစ်ခဲ့ရတဲ့အတွက် နောက်ဟာတွေ ပြန်တွေးတတ်တယ် (မှန်ပါ)။ တစ်ခါတည်း သောကတွေမလာဘူးလား (လာပါတယ်ဘုရား)။

တစ်ခါတည်း သောကလာလို့ရှိရင်ဖြင့် ဒီသောကကြောင့် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဝိဇ္ဇာသင်္ခါရဆိုပြီးသွား ပဋိစ္စသမုပ္ပါဒ်ထဲ အပါယ်လေးပါးထိအောင် (မှန်ပါ) ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က သေခါနီးကို တချို့က မှာပြီးသကာလ သေချင်တဲ့ပုဂ္ဂိုလ်ကလည်း ရှိသေးတယ်။ ဘယ်လိုနေရစ်၊ ဘယ်လိုထိုင်ရစ်၊ ဘယ်သူနဲ့ပေါင်းရစ်၊ ဘယ်နေရာမှာဘာမြှုပ်ထားတယ်နဲ့ (မှန်ပါ)။ ဒီလိုကုက္ကုစ္စတွေက လာတတ်တယ်။ အစောကြီးကရှင်းပစ်လိုက်ပါ။ ခင်ဗျားတို့ (မှန်ပါဘုရား) အစောကြီးက ရှင်းပစ်လိုက်ပါ ဒကာ ဒကာမတို့၊ သေခါနီးမှ ဒါတွေအလုပ်ရှုပ်မခံချင်ပါနဲ့ (မှန်ပါ)။ အစောကြီးကရှင်းပစ်လိုက်ပါ။ ကိုယ့်ကိုယ်မှ ကိုယ်မပိုင်တဲ့ ဥစ္စာ။ သူများကို လောကွတ်ချော်ချင်လို့ရှိရင်ဖြင့် ဒကာကြွယ် အလွှဲကြီးလွှဲမယ်... (လွှဲမှာပါဘုရား)။

**စောစောစီးစီးလုပ်ပစ်ကြပါ**

ကဲ... ဒကာသစ်တို့လည်းရှိကြတာပဲ။ ဒကာအနန်းတို့ကော (ရှိပါတယ်ဘုရား) စောစောစီးစီးလုပ်ပစ်ကြပါ၊ မလုပ်ချင်လို့ရှိရင်လည်း ကမ္ဘသကာထားပစ်ခဲ့ပါ (မှန်ပါ)။ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒုစရိုက်တွေ ပြန်ပြီးအောက်မေ့တာလည်း ဘာခေါ်ကြမယ် (ကုက္ကုစ္စပါဘုရား)။ ဘယ်တော့မှမအောက်မေ့နဲ့ ဒီဥစ္စာ။ ကိုယ်လုပ်နေကျဖြစ်တဲ့ ဝိပဿနာရှုနေ၊ ဘယ် နည်းနဲ့မှ သူတို့မတားနိုင်ဘူးဆိုတာမှတ်ပါ... (မှန်ပါ့)။ တားနိုင်တာပြောမယ်ဆိုရင်ဖြင့် ပဥ္စာနန္တရိယကံဖြစ်ရင် တားမှာပဲ (မှန်ပါ့)။ ဒီအထဲမှာ ပဥ္စာနန္တရိယကံထိုက်တဲ့ပုဂ္ဂိုလ်က တစ်ယောက်မျှမပါဘူး (မပါပါဘုရား) ၁။ အမိသတ်တဲ့လူ။ ၂။ အဖသတ်တဲ့လူ တစ်ယောက်မျှမပါဘူး။ ၃။ အရဟန္တဃာတက ရဟန္တာသတ်တဲ့ပုဂ္ဂိုလ်ကော... (မပါပါဘုရား) ၄။ ဘုရားကိုသွေးစိမ်းတည်အောင်ပြုတဲ့ ပုဂ္ဂိုလ်ကော (မပါပါဘုရား)။ ဘုရားမှမရှိတော့ဘဲ သွေးစိမ်းတည်အောင်ပြုလုပ်လို့ ရပါဦးတော့မလား (မရပါဘုရား)။ သဘောကျပလား (ကျပါပြီ)။ ကောင်းပြီ... ဒါဖြင့် ၅။ သံဃာအသင်းခွဲတဲ့ပုဂ္ဂိုလ်ဆိုတာလည်း ဒီအထဲမှာ တစ်ဦးမျှမပါဘူး (မှန်ပါ့ဘုရား)။

တစ်ခါ ၆။ မိစ္ဆာဒိဋ္ဌိဘက်ကြည့်ပြန်လည်း မိစ္ဆာဒိဋ္ဌိ မဖြစ်အောင်လို့ ဖြစ်ပျက်ရှုရင်ပဲ သမ္မာဒိဋ္ဌိဖြစ်နေပြီ (မှန်ပါ့)။ ဒီတော့ မိစ္ဆာဒိဋ္ဌိကလည်း လွတ်မနေဘူးလား... (လွတ်နေပါတယ်ဘုရား)။

အဲဒီခြောက်ခုတို့ကသာလျှင် မဂ်ဖိုလ်ကို တကယ်တားတယ်။ ဒီပြင်ဟာတွေကတော့ ဖယ်ရှားတတ်ရင် မတားပါဘူး၊ ကုစားတတ်ရင် မတားပါဘူးဆိုတာ သေသေချာချာမှတ် (မှန်ပါ)။ သဘောပါပြီလား... (ပါပါပြီဘုရား)

ကောင်းပြီ၊ ဒါဖြင့် ကုဏ္ဍလုစ္စကို အခုဟာက ပြုပြီးသား ဒုစရိုက်အတွက် ပြောနေတာနော် (မှန်ပါ့)။ နောက်တစ်ချက် ပြောပါဦးမယ်။ ကုဏ္ဍလုစ္စဆိုတာ နှစ်မျိုးကိုဗျ (မှန်ပါ့ဘုရား)။

**မပြုရသေးတဲ့ သုစရိုက်အတွက်**

ဒကာကြွယ် မပြုရသေးတဲ့သုစရိုက်အတွက်လည်း ကုဏ္ဍလုစ္စဖြစ်တယ် (မှန်ပါ့)။ သုစရိုက်ဆိုတာက ကျောင်းကလေးဆောက်မလို့ ရည်ရွယ်ချက်ထားခဲ့တာ အသေက စောနေပြီ။ ငါ့ခန္ဓာကိုယ် ငါမထင်လို့ မဆောက်ခဲ့ရတာ မှားလိုက်တာ (မှန်ပါ့)။ ဒါလည်း အသံသာကောင်းတယ်၊ စိုးရိမ်တဲ့သောကဖြစ်တယ် (မှန်ပါ့)။ ဒါလည်းဘာခေါ်ကြမယ် (ကုဏ္ဍလုစ္စပါဘုရား) ကုဏ္ဍလုစ္စပဲဆိုတော့ သူလည်း နီဝရဏပဲ… (မှန်ပါ့ဘုရား)။

ငါသည် စတုဒိသာရေတွင်းကလေး တူးမလို့ဥစ္စာ အသေကစောလို့ အခု သေခါနီးရောက်လာတယ်။ မတူးခဲ့ရလေခြင်းဆိုတာလည်း စိုးရိမ်တာပဲ… (မှန်ပါ)။ ဒါလည်း ဘာခေါ်ကြမယ်… (ကုဏ္ဍလုစ္စပါဘုရား)။

အဲဒါ မပြုလိုက်သေးတဲ့ သုစရိုက်တရားတွေကိုလည်း ပြန်ပြီးအောက်မေ့မနေပါနဲ့ (မှန်ပါ့)။ သဘောကျပလား… (ကျပါပြီဘုရား)။

**ပြုပြီးသားကုသိုလ်တော့ ပွားချင်ပွားပါ**

ပြုပြီးသားကုသိုလ်တော့ ခင်ဗျားတို့ပြန်ပြီး အောက်မေ့နိုင်ပါတယ်။ ပွားချင်ပွားပါ၊ ကိစ္စမရှိဘူး (မှန်ပါ့)။ မပြုခဲ့ရသေးတာတော့ လောကွတ်ချော်ပြီး ကိုယ်ကလည်း သေတွင်းရောက်နေပြီ၊ ဒါ မလုပ်ရသေးလို့ ကျုပ် ခက်သေး

တယ်ဆိုတော့ မသိတဲ့လူကဖြင့် အင်း ဒါကလေးကို သူ လုပ်ချင်သားနဲ့ ဒီစိတ်ကလေးတော့ ကောင်းသွားတယ်လို့ အောက်မေ့တယ်။ ဘယ်ဟုတ်လိမ့်မလဲ၊ ကုဏ္ဍလစ္စကြီး (မှန်ပါ့)။ သဘောကျပလား (ကျပါပြီဘုရား)။

စိတ်ကောင်းလား၊ စိတ်ယုတ်မာလား... (စိတ်ယုတ်မာပါဘုရား) ဘာခေါ်ကြမယ် (ကုဏ္ဍလစ္စပါဘုရား)။ အဲ- ဣဋ္ဌိတံ ကတံကုကတံ 'ကုကတသဘာဝေါ ကုဏ္ဍလစ္စံဆိုတဲ့အတိုင်း စက်ဆုပ်ဖွယ်ရာ အလိုလိုပြုတဲ့သဘော ပေါ်လာတာ (မှန်ပါ့ဘုရား)။

ဒါဖြင့် မပြုလိုက်မိသေးတဲ့ သုစရိုက်တရားတွေကိုလည်း မပြုလိုက်ရလေခြင်းဆိုတဲ့သောက မလာပါစေနဲ့ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီဘုရား)။

## သူတို့နှစ်ခုလာရင် ဖြစ်ပျက်သာရှု

အဲဒီသောကဟာလည်း စင်စစ်တော့ ဒေါမနဿသဘော ဖြစ်လာတာပဲဆိုပြီး သူ့ကို တစ်ခါတည်း ဒကာ၊ ဒကာမတွေက ဖြစ်ပျက်သာ ရှုချပါ (မှန်ပါ)။ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဒါဖြင့် ၁။ ပြုပြီးသားဒုစရိုက်ကိုလည်း ပြန်မအောက်မေ့ရ (မှန်ပါ့)။ ၂။ မပြုရသေးတဲ့ သုစရိုက်တရားတွေကိုလည်း (ပြန်မအောက်မေ့ရ) ပြန်မအောက်မေ့ရဘူး။ သူတို့နှစ်ခုလာရင် ဖြစ်ပျက်သာရှုထုတ်ပါ... (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ပြုပြီးသားဒုစရိုက်အတွက် အလိုလိုဖြစ်တာလည်း စိုးရိမ်တဲ့သောကပဲ။ မပြုလိုက်ရသေးတဲ့ သုစရိုက်တွေအတွက် စိုးရိမ်တာလည်း ဦးဘအုန်း ဘာ

တုံး (သောကပါဘုရား)။ အဲ သောကဖြစ်တော့ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဆိုတာ ဒီလိုတွဲလာတာ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ပြု အပ်ပြီးသောဒုစရိုက်ကိုလည်း တရားအားထုတ်နေရင်း လာ ရင် ဖြစ်ပျက်ရှုပါ (မှန်ပါ)။ မပြုရသေးတာတွေက ကြား ထိုးကြားထိုး ဝင်လာရင်ကော (ဖြစ်ပျက်ရှုရမှာပါဘုရား)။ သေခါနီးမှလာရင်ကော (ဖြစ်ပျက်ရှုရမှာပါဘုရား)။ သေခါ နီးမှာ ဒုစရိုက်တွေကို ငါမှားခဲ့တယ်၊ ပြုလုပ်ခဲ့မိတယ်လို့ လာရင်ကော (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။ ဇရပ်ကလေး ဆောက်မလို့ဟာ ဘယ်သူ့မှမပြောခဲ့ရဘူး၊ အထလည်းမ မြောက်ခဲ့ရဘူးဆိုရင်ကော (ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်သာ ရှုချပါ။ ဒါတွေကို ခင်ဗျားတို့ အကောင်းများထင်မနေပါ နဲ့လို့ သတိပေးလိုက်ပါတယ် (မှန်ပါ့ဘုရား)။

**လုပ်မှာဖြင့်ရင် မြန်မြန်လုပ်ပါ**

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဓမ္မ ပဒပါဠိတော်မှာ–

> "အဘိတ္ထရေထကလျာဏေ၊ ပါပါစိတ္တံ နိဝါရ
> ယေ။ ဒန္ဓံဉ် ကရောတောပုည် ပါပသ္မိံ ရမတိ
> နော..."

ဆိုတာ လုပ်စရာရှိတာကို ဒကာကြွယ်တို့ ဦးဘအုန်းတို့ အမြန်သာလုပ်ပါ (မှန်ပါ)။ ကုသိုလ်လုပ်စရာရှိရင် (အမြန် လုပ်ရပါမယ်) မြန်မြန်လုပ်ပါ။ နို့မဟုတ်လို့ရှိရင် မလုပ် ဖြစ်တဲ့ကိစ္စတွေက လာချင်လာပစ်လိုက်မယ်... (မှန်ပါ့)။

မလုပ်မှာဖြင့်လည်း မလုပ်နဲ့။ လုပ်မှာဖြင့်လည်း မြန်မြန်လုပ်... (မှန်ပါ)။ သဘောကျပလား (ကျပါပြီ)။ နို့မဟုတ်ရင် သူ့ကိုမြန်မြန်မလုပ်မိတဲ့အတွက် သောကလာဦးမယ် (မှန်ပါဘုရား)။

ကိုယ့်လက်လည်းကိုယ်မသယ်နိုင်၊ ကိုယ့်ခြေလည်းကိုယ်မသယ်နိုင်၊ ဒီအထဲမှာ အုပ်ချုပ်ပေးမည့်သူကလည်း မရှိနဲ့ ဒီဟာကြီး အထမမြောက်တာ ကျုပ်အတော်ခက်တယ်ဆိုရင် ခက်တယ်လာတော့တာပဲ... (မှန်ပါ)။ ခက်တယ်ဆိုတာသည် သောကပဲ။ အဲဒီသောကဟာ ကုက္ကုစ္စနဲ့တွဲနေတာပဲ၊ သဘောကျပလား (ကျပါပြီ)။ အဲဒီကုက္ကုစ္စကို ဘာလုပ်ကြမလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အေး ဒါကြောင့် ပြုပြီးသားဒုစရိုက်ကြောင့်လည်း ကုက္ကုစ္စဖြစ်တတ်တယ်။ မပြုရသေးတဲ့ သုစရိုက်ကြောင့်လည်း (ကုက္ကုစ္စဖြစ်တတ်ပါတယ်ဘုရား)။ အဲဒီနှစ်မျိုးလုံးကြောင့်လာတဲ့ကုက္ကုစ္စကို ဒကာသစ်တို့ ဒကာကြွယ်တို့ ဘာလုပ်ကြမယ်... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

တစ်နည်း ဖြစ်ပျက်မရှုချင်လို့ရှိရင်လည်း ဟိုကမ္မဋ္ဌာန်းရင်းကို လက်မလွှတ်နဲ့၊ သူတို့အဝင်မခံနဲ့ (မှန်ပါ) ဝင်လာလို့ရှိရင်လည်း ရှုပစ်ပါ (မှန်ပါ)။ သဘောကျပလား (ကျပါပြီဘုရား)။

သူတို့က ဘာလုပ်မလို့လာတာတုံးလို့ မေးတဲ့အခါ ကျလို့ရှိရင် သုဂတိလည်း ပိတ်မလို့လာတာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်လည်း (တားမလို့လာတာပါဘုရား)။ တားမလို့၊ ပိတ်မလို့လာတာဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

အဲဒါ လူတိုင်းမှာအရေးကြီးလို့ ဒီနေ့သူ့ကိုပဲ အဓိက ထားပြောနေတယ်... (မှန်ပါ့)။ ဦးလှဘူး အရေးမကြီး ဘူးလား (ကြီးပါတယ်ဘုရား)။

**မိုက်ခဲ့တာတွေ မတွေးပါနဲ့**

အားလုံး တရားနာကြတဲ့ ဒကာ၊ ဒကာမတွေ ငယ် ငယ်တုန်းက မလိမ္မာလို့ မိုက်ခဲ့တာတွေကိုလည်း အခု တရားအားထုတ်မယ်ဆို သေခါနီးဖြစ်စေ၊ တရားအားထုတ် တဲ့အခါမှာဖြစ်စေ မတွေးပါနဲ့ (မှန်ပါ့ဘုရား)။ တွေးရင် ခင်ဗျားတို့ တားလိမ့်မယ် (မှန်ပါ့)။ တွေးကိုမတွေးပါနဲ့၊ မပြုခဲ့ရသေးတဲ့ သုစရိုက်တရားတွေကလည်း မပြုခဲ့ရလေ ခြင်းဆိုတာ လာကိုမလာစေနဲ့... (မှန်ပါ့)။ အသံကတော့ ကောင်းပါရဲ့၊ မင်္ဂဖိုလ်တားတာတဲ့... (မှန်ပါ့)။ ဒါတွေဟာ အသံကတော့ ဦးဘအုန်း မကောင်းလားဗျာ (ကောင်းပါ တယ်ဘုရား)။ သို့သော်လည်း သူ့ဝမ်းထဲမှာပေါ်လာတာက ဝမ်းနည်းတဲ့သဘော မပါဘူးလား (ပါ,ပါတယ်)။ ဝမ်းနည်း တာသည်ကားလို့ဆိုရင် ဒေါသ၊ သောကပေါ့ဗျာ (မှန်ပါ့)။ သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတရားတွေ လာကောင်း မလာကောင်း (မလာ ကောင်းပါဘုရား)။ မယုံရင် ပဋိစ္စသမုပ္ပါဒ် ဆက်ကြည့်ပါ။ ဒေါသ၊ သောက၊ ပရိဒေဝမဟုတ်လား။ ဥပါယာသ အဝိဇ္ဇာ သင်္ခါရဘက် လှည့်သွားတယ် (မှန်ပါ့)။ မလှည့်ဘူးလား (လှည့်ပါတယ်ဘုရား)။

အဲဒီလို ပဋိစ္စသမုပ္ပါဒ်နဲ့ သေသေချာချာဆက်ပြလိုက် တော့မှ သြော်... ဒါကြောင့် ဘုရားက ဥဒ္ဒစ္စနဲ့ ကုက္ကုစ္စလည်း

နိဝရဏတရားလို့ ဟောတော်မူတာပဲ (မှန်ပါဘုရား)။ ဒကာ သစ် ဒီနေ့အရေးကြီးတယ်နော် (ကြီးပါတယ်ဘုရား)။ ဒါတွေ က လူတိုင်းနဲ့မဆက်ဆံဘူးလား (ဆက်ဆံပါတယ်ဘုရား)။ လူတိုင်းနဲ့ အားကြီးဆက်ဆံတယ်။ ချက်ကောင်းမှာမှ ဆက် ဆံတာ (မှန်ပါဘုရား)။ တခြားနေရာမှာဆက်ဆံတာ ဟုတ် ပါရဲ့လား။ ချက်ကောင်းမှလာတာ (ချက်ကောင်းမှလာတာပါ ဘုရား)။

**တကယ့်ချက်ကောင်းမှာလာတာ**

တရားအားထုတ်တော့မယ်ဆိုတော့ တကယ့်ချက် ကောင်း နိဗ္ဗာန်သွားတော့မလို့ လှမ်းနေတာ၊ အံမာ ဒီအချိန်မှ သူကလာတာ (မှန်ပါ)။ သေခါနီးဆိုတော့လည်း တကယ့် ချက်ကောင်းပဲ။ ဒီဘဝဇာတ်သိမ်းတော့မလို့ (လာတာပါ ဘုရား)။ ဩော်... တကယ့်နေရာမှလာတတ်တဲ့ တရားသ ဘောနှစ်မျိုးဖြစ်နေသောကြောင့် ဒီကုက္ကုစ္စတရားကို ဒကာအုန်း တို့၊ ဒကာသစ်တို့ အရေးတကြီးကိုပဲ ချေမှုန်းရမယ် (မှန် ပါဘုရား)။

ဘာလုပ်ရမလဲ (အရေးတကြီးချေမှုန်းရပါမယ်)။ ချေ မှုန်းမယ်ဆိုတာကိုဖြင့် ဒီနေ့ အရေးတကြီးပြောတယ်။ ရှင်း ပြီနော် (ရှင်းပါပြီ)။ မချေမှုန်းနိုင်လို့ နဂါးကြီးသွားဖြစ် တယ် (မှန်ပါ)။ မချေမှုန်းနိုင်လို့ မလ္လိကာမိဖုရားကြီး အဝီစိသွားရရှာတယ် (မှန်ပါဘုရား)။

ကဲ ဦးဘအုန်း အပြစ်ကြီးတာရှိသေးရဲ့လား (မရှိပါ ဘုရား)။ ဘယ်သူကများ ချလိုက်ပါလိမ့်ဗျာ (ကုက္ကုစ္စချပါ တယ်)။ ဒကာ၊ ဒကာမတို့ သာမညအလှူမျိုးတွေကို မဆို

ပါနဲ့။ မဟာအသဒိသဒါနဆိုတာ ဘယ်သူနဲ့မှမတူတဲ့အလှူကြီး၊ ဘုရားတစ်ဆူမှာ တစ်ခါသာလှူရတဲ့ အလှူမျိုးကြီးရှင်တောင် ကုက္ကုစ္စချလိုက်တာ မခံနိုင်ဘူး (မှန်ပါ့)။ အလှူကချတာ မဟုတ်ဘူးနော်။ သူ့ဟာသူမနိုင်တဲ့ကုက္ကုစ္စကချလိုက်တာ... (မှန်ပါ့)။

**လာတိုင်းဘာလုပ်ကြမလဲ**

ဒါဖြင့် ကုက္ကုစ္စ လာတိုင်း လာတိုင်း ဘာလုပ်ကြမလဲ (ဖြစ်ပျက်ရှုရပါမယ်)။ ဥဒ္ဓစ္စလာလည်း (ဖြစ်ပျက်ရှုရပါ့မယ်)။ ဖြစ်ပျက်ရှုလိုက်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ဆက်သေးရဲ့လား (မဆက်ပါဘုရား)။ မဆက်လို့ရှိရင်ဖြင့် သံသရာပြတ်သွားတာပဲ... (မှန်ပါ့)။ သဘောကျပလား (ကျပါပြီဘုရား)။

သူတို့နိုင်ချင်လို့ရှိရင်လည်း ခင်ဗျားတို့ အရင်ကျင့်သားရထားတဲ့ဝိပဿနာကို ဝေဒနာဖြစ်လည်း ဝေဒနာကိုဖြစ်ပျက်ရှုပါ... (မှန်ပါ့)။ စိတ်ဖြစ်လည်း စိတ်ကို (ဖြစ်ပျက်ရှုရပါမယ်)။ အဲဒီကဲ့သို့ ရှုလိုက်လို့ရှိရင် သေခါနီးမှာ အောက်သံယောဇဉ်ငါးပါးကုန်ပြီး အနာဂါမ်ကျအောင် တည်သွားတဲ့ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဒီကုက္ကုစ္စမချုပ်လို့ ကိုယ့်ဟာကိုယ်ဖြစ်ပျက်နဲ့သေမယ်ဆိုရင် (မှန်ပါ့)၊ ကုက္ကုစ္စရှုပ်ရင်တော့ ရေကပတ္တနဂါးမင်းတို့၊ မလ္လိကာမိဖုရားကြီးတို့လို သွားတာပဲ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဒကာသစ် ဒီတရားကို ကျေနပ်လောက်ပြီ (ကျေနပ်ပါပြီဘုရား)။ ကိုင်း ၅ နံပါတ်က ဘာပါလိမ့် (ဝိစိကိစ္ဆာပါဘုရား)။ ဝိစိကိစ္ဆာဆိုတာ သံသယရှိတာ (မှန်ပါ့)။ ဘုရားဟာ ဘုရားမှဟုတ်ရဲ့လား၊ တရားဟာ တရားမှ

ဟုတ်ရဲ့လား၊ သံဃာဟာ သံဃာမှဟုတ်ရဲ့လား၊ ငါကျင့်နေတာ အကျင့်မှမှန်ရဲ့လား (မှန်ပါ့)။ အဲဒီလိုဟာမျိုးတွေ မလာစေနဲ့ ... (မှန်ပါ့)။ ကိုယ့်ဉာဏ်မှမမီတာတွေပဲ။ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်ဆိုတာ သေသေချာချာ ဆုံးဖြတ်ချက်ချနိုင်တာ (မှန်ပါ့)။ အခုတော့ဖြင့် ရှေ့သွားခေါင်းဆောင်နောက်ကို အကုန်လိုက်ပြီးသကာလမှ သဗ္ဗညုတဉာဏ်တော်ရတဲ့ဘုရား၊ အခြေအမြစ်နဲ့ဘုရားဆိုတော့ သံသယရှိဖို့လိုသေးလား... (မလိုပါဘုရား)။

**တရားအပေါ်မှာ သံသယမရှိနဲ့**

တရားအပေါ်လည်း သံသယမရှိလိုက်ပါနဲ့။ တရားဟာ အခုဖြစ်ပျက်ရှု မဂ်ဖိုလ်ရရင် အခု အကာလိကောဆိုတဲ့ နိဗ္ဗာန်အကျိုးပေးတယ်... (မှန်ပါ့ဘုရား)။

သံဃာတော်မြတ်တွေဟာ ကောင်းကောင်းမွန်မွန်ကျင့်နေတဲ့ သံဃာဆိုပြီး သေသေချာချာ ယုံယုံကြည်ကြည်နဲ့ ကိုးကွယ်လို့ရှိရင် ဒကာ၊ ဒကာမတွေ ဘုရားလက်ထက်က ဆွမ်းလောင်းလို့ ခုနစ်ရက်အတွင်း အကျိုးပေးတာတွေမရှိဘူးလား (ရှိပါတယ်ဘုရား)။ ဒါ သံဃာ့ကူညီမှု၊ သံဃာ့ကိုးကွယ်ဆည်းကပ်လို့ အကျိုးပေးတာဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

**သံဃာအပေါ်မှာ သံသယမရှိနဲ့**

အဲဒါကြောင့် သံဃာ့အပေါ်မှာလည်း သံသယမရှိပါနဲ့။ ကိုယ်ကျင့်နေတဲ့ ဖြစ်ပျက်အကျင့်ပေါ်ကော (သံသယမရှိပါနဲ့ပါဘုရား)။ သံသယမရှိပါနဲ့ဒကာသစ် ရှုကြည့်ပါ။ ဟိုနေရာကယားရင် ပျောက်သွားပြီး ဖြစ်ပြီးပျက်တာ မသေ

ချာဘူးလား (သေချာပါတယ်)။ လောဘစိတ်ကလေးပေါ်လာတယ်၊ ဦးဘအုန်း တော်တော်ကြာ ရှိသေးရဲ့လား (မရှိပါဘုရား)။ ဒါဖြင့် သူဟာ အနိစ္စဟုတ်မဟုတ်... (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် အကျင့်ပေါ်လည်း သံသယရှိစရာလိုသေးသလား (မလိုပါဘုရား)။ အကျင့်ပေါ်လည်း ခင်ဗျားတို့ကိုယ်တိုင် ကျင့်ကြည့်တော့ အနိစ္စ၊ အနိစ္စမြင်တဲ့မဂ္ဂ လာနေတာပဲ (မှန်ပါ)။ ရှေးကဘာဖြစ်ခဲ့ပါလိမ့်မလဲ၊ ဘာမှမတွေးနဲ့၊ ရှေးက ဘာမှသတ္တဝါတွေဖြစ်တာမဟုတ်ဘူး၊ ရှေးကလည်း နာမ်ရုပ်ပဲ (မှန်ပါ)။ အခုလည်း ဘယ်သူနဲ့နေသတုံး (နာမ်ရုပ်ပါပဲဘုရား)။ ဒါဖြင့် နောက်ကိုလည်း နိဗ္ဗာန်မရရင် ဘာဖြစ်ဦးမှာတုံး (နာမ်ရုပ်ပါပဲဘုရား)။

အဲဒီလို ကာလသုံးပါးအပေါ်၌ သံသယမရှိလို့ရှိရင် ဝိစိကိစ္ဆာ စင်သွားတာပဲ (မှန်ပါ)။ သဘောကျပလား... (ကျပါပြီဘုရား)။ ပဋိစ္စသမုပ္ပါဒ်ကြီးပေါ်မှာလည်း သံသယရှိသေးသလား (မရှိပါဘုရား)။ အဝိဇ္ဇာသာရှိရင် သင်္ခါရက (ဖြစ်ပါတယ်ဘုရား)။ သင်္ခါရသာဖြစ်ရင် ဝိညာဏ်လာရတော့မှာပဲ (မှန်ပါ)။ မလာပါနဲ့ဆိုလို့ ရပါ့မလား (မရပါဘုရား)။ တဏှာသာဖြစ်ရင် ဥပါဒါန်က (လာမှာပါ)။ ဥပါဒါန်သာရှိရင် (ကံလာမှာပါဘုရား)။ သံသယရှိဖို့လိုသေးသလား... (မလိုပါဘုရား)။

**သံသယမရှိရအောင် ပောဒနေတာ**

အဲဒီကဲ့သို့ သံသယတွေ အကုန်ပျောက်ပြီးသကာလ ဒကာ၊ ဒကာမတွေ ဘုရားအပေါ်၌လည်းကောင်း၊ တရား

အပေါ်၌လည်းကောင်း၊ သံဃာအပေါ်၌လည်းကောင်း၊ ကိုယ့်အကျင့်အပေါ်၌လည်းကောင်း၊ ပစ္စုပ္ပန်ဘဝအပေါ်၌လည်းကောင်း၊ အနာဂတ်ဘဝအပေါ်၌လည်းကောင်း သံသယမရှိဘဲနဲ့ ဖြစ်ကြရအောင် ဘုန်းကြီးက နေ့တိုင်းပဲမရှိအောင်ဟောနေတယ်... (မှန်ပါ့ဘုရား)။ မရှိအောင်ဟောနေတော့ ခင်ဗျားတို့သန္တာန်မှာရှိတဲ့ ဖြစ်မှုပျက်မှုကိုသာလျှင် တကယ်တမ်းရှုနေလို့ရှိရင်ဖြင့် ဒါ သံသယသေတဲ့လမ်းပါပဲ... (မှန်ပါ့)။ ဒိဋ္ဌိဓမ္မောဖြစ်အောင်လုပ်စမ်းပါ... (မှန်ပါ့ဘုရား)။

**ဒိဋ္ဌဓမ္မောဖြစ်အောင် လုပ်စမ်းပါ**

ဒကာကြွယ် ဘာဖြစ်အောင်လုပ်ရမလဲ (ဒိဋ္ဌဓမ္မောဖြစ်အောင်လုပ်ရပါမယ်)။ ဒိဋ္ဌဓမ္မောဖြစ်အောင် လုပ်စမ်းပါဆိုတာ အခုဖြစ်ပျက်ရှုလို့ အခုဖြစ်ပျက်သိလို့ရှိရင်ဖြင့် အခုဒိဋ္ဌဓမ္မောပဲ (မှန်ပါ့)။ အခုဖြစ်ပျက်ဆုံးသွားလို့ရှိရင် အခုနိဗ္ဗာန်မပေါ်လာဘူးလား (ပေါ်လာပါတယ်)။ ဒါလည်း ဒိဋ္ဌဓမ္မောမဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ ဒီဒိဋ္ဌဓမ္မောဟာ ကိုယ်လုပ်ကြည့်ရင် ဒိဋ္ဌဓမ္မတွေ့မယ်ဆိုခြင်းကြောင့် သံသယရှိသေးရဲ့လား (မရှိပါဘုရား)။ အကယ်၍ သံသယရှိခဲ့သော်လည်း တရားတစ်ပွဲလုံးက ဘာလုပ်ကြရမယ် (ဖြစ်ပျက်ရှုရပါမယ်)။ ဩော်မင်းဟာ ဝိစိကိစ္ဆာပဲ၊ မောဟပဲ တွေဝေနေလို့မင်းလာတာပဲဆိုပြီး သူ့ကို ဖြစ်ပျက်ရှုပြီးသကာလ ခုနကပြောခဲ့တဲ့ မူလကမ္မဋ္ဌာန်းပြန်ကောက် (မှန်ပါ့ဘုရား)။

အကယ်၍ ဝိစိကိစ္ဆာကို ဒကာ၊ ဒကာမတွေက မရှုမိဘူးဆိုရင် ဝိစိကိစ္ဆာဆိုတာ မောဟ တွေဝေတာက အဝိဇ္ဇာ

ထဲက သဘောကျပလား (ကျပါပြီ)။ အဲ သူ့ကိုလက်ခံရင် အဝိဇ္ဇာပစ္စယာ သင်္ခါရာလုပ်မလို့ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ဝိညာဏပစ္စယာ နာမရူပံလုပ်မလို့ဆိုတော့ သံသရာဆက်မလို့လာတာ (မှန်ပါ့)။

**သံသရာဆက်မလို့လာတာ**

မဂ်ဖိုလ်က အခွင့်ပေးမလို့လာတာလား၊ သံသရာဆက်မလို့လာတာလား (သံသရာဆက်မလို့လာတာပါဘုရား)။ သံသရာဆက်ကတည်းက မဂ်ဉာဏ်ဖိုလ်ဉာဏ် မတားသေးဘူးလား (တားပါပြီဘုရား)။ ဒါဖြင့် သူ့ကိုဘာခေါ်ကြမယ် (နိဝရဏပါဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ အစကပြောခဲ့တဲ့အတိုင်း ဒီ ဝိစိကိစ္ဆာဆိုတဲ့ တရားသည်ကားလို့ဆိုလို့ရှိရင်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုတော့ တားမြစ်ပြီး အပါယ်လေးပါးတော့သွားစေတယ် (မှန်ပါ့ဘုရား)။ မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကိုတော့ (တားပါတယ်)။ အပါယ်ကိုတော့... (သွားစေပါတယ်ဘုရား)။ ဒါကြောင့် သူ့ကို ဘာတရားခေါ်ကြမလဲ (နီဝရဏတရားပါဘုရား)။ အဲ– နီဝရဏတရားဆိုတာ ကိုယ်လိုချင်တဲ့ဆီ ပိတ်ပင်တာ (မှန်ပါ့)။ ကိုယ်လိုချင်တာ နိဗ္ဗာန်မဂ်ဖိုလ်၊ အဲဒါကြီး သူဝင်လာလို့ရှိရင် ဘယ့်နှယ်တုံး (တားပါတယ်)။ မရောက်နိုင်တာထောက်တော့ သူ့ကို ဘာတရားခေါ်ကြမလဲ (နီဝရဏတရားပါဘုရား)။ အဲ– ခင်ဗျားတို့က ဒီအိမ်ထဲဝင်ချင်တယ်၊ သူက တံခါးပိတ်ထားတယ်၊ ဝင်ခွင့်ရသေးရဲ့လား (မရပါဘုရား)။ ဒါဟာ ပိတ်ပင်တာလို့ မဆိုထိုက်သေးဘူးလား... (ဆိုထိုက်ပါတယ်)။

သူကလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ပိတ်ပင်သော ကြောင့် တံခါးနဲ့တူတဲ့ နီဝရဏတရား... (မှန်ပါ့)။

နီဝရဏတရားဆိုတာ ကောင်းရာဌာနသွားဖို့ နိဗ္ဗာန် ကိုသော်လည်းကောင်း၊ သုဂတိကိုသော်လည်းကောင်း သွား ဖို့ကို ဒကာ၊ ဒကာမတို့ တစ်ခါတည်း ပိတ်ပင်ချလိုက်သော ကြောင့် ဝိစိကိစ္ဆာလည်း နီဝရဏတရား... (မှန်ပါ့)။

**သံသယသောရင် ဖြစ်ပျက်ရှု**

ကျုပ်စိတ်ထဲမှာ သံသယရှိနေတယ်ဗျာဆိုတာ သံသ ယကလေးမရှိစေနဲ့ (မှန်ပါ့)။ လာရင် ဒီသံသယကို ဘာလုပ်ရ မလဲ (ဖြစ်ပျက်ရှုရပါမယ်)။ အဲ– ဒီသံသယဟာ ဒကာသစ် သေသေချာချာမှတ်ပါ။ သံသယဆိုတာ အဝိဇ္ဇာသဘောပဲ (မှန်ပါ့)။ အဝိဇ္ဇာဖြစ်ရင် အဝိဇ္ဇာပစ္စယာ သင်္ခါရာဘက် လှည့်မလား မလှည့်ဘူးလား (လှည့်ပါမယ်)။ မလှည့်နဲ့ဆို လို့ (မရပါဘုရား)။

အဲဒါကြောင့် ဘယ်လောက်ပင်ပညာကြီးစေကာမူ မဖယ်ရှားတတ်လို့ရှိရင်ဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံဆိုပြီးသကာလ ပဋိသန္ဓေဘက် ပစ်ချလိုက်တာပဲ... (မှန်ပါ့)။ နိဗ္ဗာန်ဘက် ပို့သေးရဲ့လား (မပို့ပါဘုရား)။

အဲဒါလောက် ကြောက်စရာကောင်းသောကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝိစိကိစ္ဆာကိုလည်း ဘာ တရားလို့ခေါ်သေးသတုံး (နီဝရဏတရားပါဘုရား)။

**အနုရာဓရဟန်း**

ဒါကြောင့် သူသာရှိနေမယ်ဆိုရင် မနေ့ကပြောခဲ့တဲ့ အနုရာဓဝတ္ထု ထောက်ကြည့်လိုက်ရင် ခင်ဗျားတို့သိတယ် (မှန်ပါ့)။ ဘုရားသခင်ကျောင်းနားမှာနေတဲ့ အနုရာဓရဟန်း ကလေးကို တိတ္ထိတွေက လာမေးတယ်။ သတ္တဝါသေရင် ဖြစ်သေးသလားတဲ့၊ သတ္တဝါသေရင် မဖြစ်တော့ဘူးလားတဲ့၊ ဟိုက သံသယနဲ့မမေးဘူးလား (မေးပါတယ်)။ သတ္တဝါ သေရင် ဖြစ်တာတစ်မျိုး၊ မဖြစ်တာတစ်မျိုးလား၊ သတ္တဝါ သေရင် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဘူးလားလို့ လေးချက်နဲ့မေးတယ်။ ဘုရားက ဒီလိုမဟော ဘူးလို့ သူကဖြေလိုက်တယ်... (မှန်ပါ့)။

သူ့သံသယပျောက်ကဲ့လား (မပျောက်ပါဘုရား)။ သူ့ ကိုကရှင်းရဲ့လား (မရှင်းပါဘုရား)။ မရှင်းတော့ ဘုရား သခင်ကိုယ်တော်မြတ်ကြီးဆီ သွားတဲ့အခါကျတော့ ဘုရား က သူကိုယ်တိုင်က သံသယရှိနေပါကလားဆိုပြီး ထပ်ဟောရ တယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီဘုရား)။

**ဘယ်ဟာကို သတ္တဝါခေါ်မတုံး**

ဒါဖြင့် သူကိုယ်တိုင်က ဖြစ်ပျက်ရှုနေငြားသော်လည်း သံသယမစင်တဲ့အတွက် သူရဟန္တာဖြစ်ကဲ့လား (မဖြစ် သေးပါဘုရား)။ အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီး က ရုပ်နာမ်ဓမ္မသင်္ခါရကို ဘယ်ဟာ သတ္တဝါခေါ်မတုံးလို့ မေးတော်မူတာတဲ့ (မှန်ပါ့)။ ရုပ်နာမ်ဓမ္မသင်္ခါရကို ဘယ်ဟာ သတ္တဝါခေါ်ကြမလဲ (ဘယ်ဟာသတ္တဝါခေါ်ကြမလဲ)။ ရုပ်ကို ရုပ်ပဲလို့ခေါ်ရုံပေါ့ ဒကာသစ်ရ(မှန်ပါ့)။ နာမ်ကိုကော (နာမ်

ခေါ်ရုံပါ)။ သင်္ခါရတရားကိုလည်း (သင်္ခါရပါပဲ)။ ဖြစ်လိုက် ပျက်လိုက်ကို သင်္ခါရတရားခေါ်ရတာပဲ (မှန်ပါ့ဘုရား)။

**သတ္တဝါရှိသေးရဲ့လား**

အဲ... ရုပ်နာမ်ဓမ္မသင်္ခါရကို ရုပ်နာမ်ဓမ္မသင်္ခါရလို့ သိထားပြန်တော့လည်း သတ္တဝါရှိသေးရဲ့လား (မရှိပါဘုရား)။ မရှိတော့ သတ္တဝါသေရင် ဖြစ်သေးသလားဆိုရင် အို မမေး လိုက်နဲ့၊ သတ္တဝါမှမရှိဘဲ (မှန်ပါ့)။ သတ္တဝါသေရင် မဖြစ်တော့ ဘူးလားဆိုရင်ကော (မရှိပါဘုရား)။ သတ္တဝါသေရင် အချို့ ဖြစ်၍ အချို့မဖြစ်တာလား (မရှိပါဘုရား)။ သတ္တဝါသေ ရင် မဖြစ်သည်လည်းမဟုတ်၊ ဖြစ်သည်လည်းမဟုတ်လားဆို ရင်ကော... (မရှိပါဘုရား)။

ဒါ ဝိစိကိစ္ဆာကင်းပြီးသားပုဂ္ဂိုလ်တွေဆိုရင် ဒီအခြေ အနေ သတ္တဝါမရှိဘူးလို့ဆိုတဲ့ ဆုံးဖြတ်ချက်က ကျနေတယ် (မှန်ပါ့ဘုရား)။

အဲဒီလို အနုရာကို မေးလိုက်တဲ့အခါကျတော့မှ သတ္တဝါရှိသေးသလားလို့ မေးတော့လည်း အလကားအမေး (မှန်ပါ့)။ သတ္တဝါသေရင် မဖြစ်တော့ဘူးလားမေးတာကော (အလကားအမေးပါဘုရား)။ သတ္တဝါသေရင် ဖြစ်တာလည်း ရှိ၊ မဖြစ်တာလည်းရှိသလား (အလကားအမေးပါဘုရား)။ အလကားအမေးတွေပဲ၊ သံသယနဲ့မေးတာ (မှန်ပါ့)။ သတ္တဝါ နဂိုကရှိရဲ့လား (မရှိပါဘုရား)။ စဉ်းစားကြည့်ပါ။ ပဋိ သန္ဓေနေရကတည်းက ရုပ်နာမ်နဲ့နေတာ (မှန်ပါ့)။ နောက် နည်းနည်းကလေးကြီးထွားလာတော့ ဘာကြီးထွားတာ လို့ဆိုကြမလဲ (ရုပ်နာမ်ကြီးထွားတာပါဘုရား)။ လူလား

ဖြောက်လာတယ်လို့ဆိုရတယ်၊ ရုပ်နာမ်ကြီးထွားလာတာပါပဲ (မှန်ပါ့)။ နောက် အိုလာတယ်ဆိုတော့လည်း ရုပ် နာမ်အိုတာ (မှန်ပါ့)။ သေတယ်ဆိုတာကော (ရုပ်နာမ်ပျက် တာပါဘုရား)။ သတ္တဝါကိုပါရဲ့လား (မပါပါဘုရား)။ သေချာပလား... (သေချာပါပြီဘုရား)။

**ဘုရားကဟောလိုက်တော့ သောတာပန်တည်**

အဲဒီလိုသိဖို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟော လိုက်တော့ ရုပ်ဟာ အနိစ္စလား၊ နိစ္စလား (အနိစ္စဒုက္ခပါ ဘုရား)။ ဒုက္ခလား၊ သုခလား(ဒုက္ခပါဘုရား)။ အနိစ္စဒုက္ခ ဖြစ်တဲ့ တရားကို ငါ့ကိုယ်၊ ငါ့ဟာလို့ ဆိုနိုင်ရဲ့လားဆိုတော့ မဆို နိုင်ပါဘူးဆိုပြီး သူ သောတာပန်တည်တာပဲ (မှန်ပါ့)။ အရင် ဝိစိကိစ္ဆာရှိနေတုန်းက တည်ရဲ့လား (မတည်ပါဘုရား)။

တိတ္ထိတွေက မေးတုန်းက သူကိုယ်တိုင်ပဲ သံသယရှိ နေလို့ သူ ကိုယ်တိုင် သောတာပန်မဖြစ်သေးဘူး (မှန်ပါ့)။ နောက်ကျတော့ ဝိစိကိစ္ဆာဖြုတ်ပေးတော့မှ အနရာဓ သော တာပန်တည်သွားတယ် ဆိုကြပါစို့ (မှန်ပါ့ဘုရား)။ ရှင်းပ လား (ရှင်းပါပြီဘုရား)။

ဒါ ဘယ်သူက ပိတ်ပင်ထားတာတုံး နဂိုတုန်းက (နီဝရဏကပါဘုရား)။ နီဝရဏဆိုတာ ဘယ်နီဝရဏပါလိမ့် ဒကာသစ် (ဝိစိကိစ္ဆာနီဝရဏပါဘုရား)။ ဝိစိကိစ္ဆာနီဝရဏ ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

**ဝိစိကိစ္ဆာရှင်းတမ်း ရှေ့ထားပါ**

ကိုင်း ဒါကြောင့် ဘုန်းကြီးက အရေးတကြီးပြောချင် တဲ့ စကားလေးတစ်လုံးကရှိနေတယ်။ ဒကာ၊ ဒကာမတွေ

ဖြစ်ပျက်ဆိုတာ ခန္ဓာကိုယ်ထဲမှာရှိလို့ ဒကာ၊ ဒကာမတွေက ဖြစ်ပြီးပျက်တာပဲ။ ဖြစ်ပြီးပျက်တာပဲဆိုတာ ဆရာသမား ပြောတဲ့အတိုင်းနဲ့ ကိုယ့်ဉာဏ်ထဲမှာတော့ တွေ့ပါရဲ့၊ ဝမ်းထဲဝိစိကိစ္ဆာက ဒါ ပုဂ္ဂိုလ်သေတာ လား၊ သတ္တဝါသေတာလား ဆိုတဲ့ ဝိစိကိစ္ဆာရှိနေရင် ဖြစ်ပျက်မြင်ငြားသော်လည်း မဂ်ဉာဏ်မဝင်နိုင်ဘူး... (မှန်ပါ့ဘုရား)။

**ဖြစ်ပျက်နောက်ထားပါ**

ဖြစ်ပျက်မြင်ငြားသော်လည်း... (မဂ်ဉာဏ်မဝင်နိုင်ပါဘူး)။ ဘာကြောင့်တုံး၊ ဒီဥစ္စာကလေးဟာ ရုပ်နာမ်ရယ်လို့လည်းမသိဘူး၊ အနိစ္စရယ်လို့လည်းမသိဘူး၊ ဩော်... ငါသေနေတာပဲ၊ ငါပျက်နေတာပဲလို့ ယူလိုက်တော့ကို ဒီအထဲက ဒိဋ္ဌိကဝင်နေတယ် (မှန်ပါ့)။ ဝိစိကိစ္ဆာလည်းဝင်လာတယ် (မှန်ပါ့)။ ဒါ့ကြောင့် ဖြစ်ပျက်နောက်ထား၊ ဝိစိကိစ္ဆာရှင်းတမ်းကို ရှေ့ထားပါ (မှန်ပါ့ဘုရား)။

ဝိစိကိစ္ဆာရှင်းတမ်း ရှေ့ထားပါဆိုတော့ ဒကာ၊ ဒကာမတို့ သေသေချာချာစဉ်းစားကြည့်ပါ။ ခန္ဓာကို ပဋိသန္ဓေနေတုန်းက ဘာနဲ့နေခဲ့သတုံးမေးရင် ဘယ့်နှယ်ဖြေကြမလဲ... (ရုပ်နာမ်နဲ့နေခဲ့ပါတယ်)။ အိုတာ ဘယ်သူတုံး (ရုပ်နာမ်ပါဘုရား)။ သေတာ ဘယ်သူတုံး (ရုပ်နာမ်ပါဘုရား)။ ပုဂ္ဂိုလ်သတ္တဝါ ပါသေးသလား (မပါပါဘုရား)။ ဘယ်သူဖြင့် သေရှာပေါ့လို့ ဆိုစရာပါသေးသလား... (မပါပါဘုရား)။

ဒီလို စောစောစီးစီးက ဝိစိကိစ္ဆာရှင်းထားလိုက်ပြန်တော့လည်း ရုပ်နာမ်ဖြစ်ပျက်မှတစ်ပါး ဘာမှမရှိဘူး...

## လောကဆိုတာ ရုပ်နာမ်ဖြစ်ပျက်ကိုဆိုတာ

ဒါဖြင့် နိဗ္ဗာန်ဆိုတာလည်း ရုပ်နာမ်ဖြစ်ပျက်မရှိတာကို ဆိုတာပဲ (မှန်ပါ့)။ လောကကြီးဆိုတာကလည်း ရုပ်နာမ်ဖြစ်ပျက်ကိုဆိုတာ... (မှန်ပါ့ဘုရား)။

လောကဆိုတာက... (ရုပ်နာမ်ဖြစ်ပျက်ကိုဆိုတာပါ)။ နိဗ္ဗာန်ဆိုတာက (ရုပ်နာမ် ဖြစ်ပျက်မရှိတာကိုဆိုတာပါ)။ ရုပ်နာမ်ဖြစ်ပျက်မရှိတာကိုဆိုတော့ ဝိစိကိစ္ဆာရှင်းနေတယ် (မှန်ပါ့)။

အဲဒီလိုရှင်းပြီးမှ ဒကာ၊ ဒကာမတို့ ရုပ်နာမ်ဖြစ်ပျက်ရှုကြပေတော့။ ပုဂ္ဂိုလ်သတ္တဝါ ဝင်နိုင်သေးရဲ့လား (မဝင်နိုင်ပါဘုရား)။ ငါသေနေတာလို့ကော ဒိဋ္ဌိဝင်နိုင်သေးရဲ့လား (မဝင်နိုင်ပါဘုရား)။ ငါသေတာ ဟုတ်မှဟုတ်ရဲ့လားဆိုတဲ့ ဝိစိကိစ္ဆာကော (မဝင်နိုင်ပါဘုရား)။ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဝိစိကိစ္ဆာဖြုတ်တာ ရှေ့ထား

ဒါဖြင့် ဖြစ်ပျက်ရှေ့ထားရမှာလား ဒကာ၊ ဒကာမတို့၊ ဝိစိကိစ္ဆာဖြုတ်တာကို ရှေ့ထားရမှာလား... (ဝိစိကိစ္ဆာဖြုတ်တာကို ရှေ့ထားရမှာပါဘုရား)။

အဲဒါကြောင့် ကမ္မဋ္ဌာန်းအားထုတ်ရာဌာနရောက်ရင် ဒါတွေကို ဆရာသမားကရှင်းပေးလို့ ၁-နံပါတ်ပြီးတော့မှ ရှုမှုထင်ဖို့ရာ (၂-နံပါတ်ပါဘုရား)။ အဲဒါကြောင့် တရားဟောပြောမှုမပါလို့ တရားမနာရရင် သောတာပန်ကိုမတည်နိုင်ဘူးဆိုတာ သေချာကြပလား... (သေချာပါပြီဘုရား)။

## တရားမနာရင် သောတာပန်မတည်

သဒ္ဓမ္မသဿဝနံသောတာပတ္တိအင်္ဂ ဆိုတဲ့အတိုင်း တရားမနာဘဲနဲ့၊ တရားကို ရှင်းပေးမထားဘဲနဲ့ အားထုတ်နေလို့ရှိရင် ဘယ်တော့မှသောတာပန်မတည်နိုင်ဘူးလို့ ကိုယ်တော်တိုင် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားတယ်… (မှန်ပါ့)။ သဘောကျပလား (ကျပါပြီဘုရား)။

ကဲ… ဒါဖြင့် ဟောတဲ့အတိုင်းလည်း၊ ဟောတဲ့ဘုန်းကြီးကလည်း သံသယရှင်းအောင်ဟောပေး (မှန်ပါ့)။ ခင်ဗျားတို့ကလည်း ရှင်းရှင်းနဲ့အားထုတ်ရင် ဘယ်အခါမတည်ဘူးဆိုလို့မရဘူး (မှန်ပါ့)။ သဘောပါကြပလား (ပါပါပြီဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဝိစိကိစ္ဆာကို ဘာတရားခေါ်ကြမယ်… (နီဝရဏတရားပါဘုရား)။ ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

သူ့ကို ဖြစ်ပျက်ရှုလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတွေ အရင်မူလအားထုတ်တဲ့ စိတ္တာနုပဿနာရှုရှု၊ ကာယနုပဿနာရှုရှု၊ ဓမ္မာနုပဿနာရှုရှု ကြိုက်တာရှု၊ နိဗ္ဗာန်ရောက်တာချည်းပဲ (မှန်ပါ့)။ သူ့မဖယ်ရှားဘဲနဲ့ ရှုလိုက်လို့ရှိရင်… (မရပါဘုရား)။

### သိင်္ဂါရဝပုဏ္ဏား

အဲဒီတော့ သိင်္ဂါရဝပုဏ္ဏားကမေးတာ ကြည့်စမ်း၊ အရှင်ဘုရား တပည့်တော် တစ်ခါတလေကျတော့ ရပြီးသားစာတွေဟာ အကုန်ပျောက်ကုန်ပါတယ်။ မေ့နေတာဆိုတာဝေးစွ။ တစ်ခါတလေကျပြန်တော့လည်း ရပြီးသား

ပေါ်လာပါသေးတယ်။ အဲဒါ ဘာကြောင့်တုံးဆိုတော့ ခုနက ဥဒ္ဒစ္စကုက္ကုစ္စမှာတော့ ဒကာ၊ ဒကာမတွေ ရေလှုပ် နေလို့လို့ မပြောဘူးလား (ပြောပါတယ်)။ ရေကိုမျက်နှာ နဲ့ဟပ်ကြည့် တော့ ထင်သေးရဲ့လား (မထင်ပါ)။ အဲဒီရေ ငြိမ်သက်သလို ဖြစ်အောင် ဥဒ္ဒစ္စလာရင် ဥဒ္ဒစ္စဖြစ်ပျက်ရှု၊ ကုက္ကုစ္စလာရင်ကော (ကုက္ကုစ္စ ဖြစ်ပျက် ရှုရပါမယ်)။ ရှုပြီး သကာလမှာ မူလ ကမ္မဋ္ဌာန်းပြန်ကောက်လိုက်ရင် ရေငြိမ်မှ မျက်နှာဟပ် လိုက်တော့ ကိုယ့်မျက်လုံးဘယ်လို၊ ကိုယ့်မျက်ခုံးဘယ်လို၊ ကိုယ့်နှာခေါင်းဘယ်လိုဆိုတာ သိရသလို ခန္ဓာ၏ ပင်ကို သဘောအနိစ္စတွေ တစ်ခါတည်းသိတာပဲ (မှန်ပါ့)။ သဘော ပါကြပလား... (ပါပါပြီဘုရား)။

**ရေပြီးသားစာတွေမေ့ပျောက်**

ပဥ္စမမြောက် ဝိစိကိစ္ဆာကျတော့ သိင်္ဂါရဝပုဏ္ဏား၊ မင်းမှာ ရပြီးသားစာတွေ ပျောက်မေ့နေတာတွေ မပေါ်လာ ဆိုတဲ့ဥစ္စာ တခြားမဟုတ်ပါဘူး၊ ရေခွက်ထဲကရေတွေနောက် နေတော့ ဘယ့်နှယ်လုပ်မြင်နိုင်ပါ့မလဲ (မမြင်နိုင်ပါဘုရား)။ ဘာကြောင့်တုံး... ရေက အောက်ကနောက်နေလို့၊ အနည် ထနေလို့ (မှန်ပါ့)။ အပေါ်ကလည်း အရိပ်ကအုပ်နေလို့ သဘောကျပလား... (ကျပါပြီဘုရား)။

ထို့အတူပဲ ဝိစိကိစ္ဆာဆိုတဲ့တရားဟာ ရေအနည်ထတာ နဲ့ နောက်ကျိနေတာနဲ့တူတယ်၊ သစ်ပင်အုပ်နေတဲ့ရေနဲ့တူ တယ်၊ ဘယ်လိုမျက်နှာရိပ်ဟပ်ဟပ် မမြင်ရသလို ဝိစိကိစ္ဆာ ခံနေရင် မဂ်ဖိုလ်ကို မရနိုင်ပါဘူး... (မှန်ပါ့ဘုရား)။

**ဝိစိကိစ္ဆာဆိုတာ အဝိဇ္ဇာ**

ဒါဖြင့် ဒီအနည်တွေဖယ်ပစ်၊ ဒီသစ်ပင်တွေခုတ်ပစ် (မှန်ပါ့)။ မျက်နှာဟပ်ကြည့်၊ တစ်ခါတည်း မျက်လုံးမျက်ခုံးတို့၏ နေပုံထိုင်ပုံ အကုန်မမြင်ရပေဘူးလား (မြင်ရပါတယ်)။ ဒါ ဘယ့်နှယ်ကြောင့်တုံး၊ ဖယ်တန်တာဖယ်ပစ်လို့... (မှန်ပါ့ဘုရား)။

အဲ... ဒီမှာလည်း ဝိစိကိစ္ဆာလာရင် သမောဟစိတ္တုံ၊ သမောဟစိတ္တန္တိ ပဇာနာတိလို့ ရှုပစ်ပါ... (မှန်ပါ့)။ ဒါ သူဟာ မောဟပဲမဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ ကိုင်း ဒါဖြင့် ဒကာ၊ ဒကာမတို့ လာတာဖယ်နည်းကိုလည်း ဆရာဘုန်းကြီးက ရှင်းပေးထားပြီ၊ လာတာဖယ်နည်းရှင်းပေးလိုက်တော့ ဒကာကြွယ်တို့သိလောက်ပါတယ် (မှန်ပါ့)။ အဝိဇ္ဇာ စရှုလိုက်တာကို: (မှန်ပါ့)။ ဝိစိကိစ္ဆာဆိုတာ အဝိဇ္ဇာနော်... (မှန်ပါ့)။ အဲဒီဝိစိကိစ္ဆာကို အရင်ရှုပစ်လိုက်တော့ ပဋိစ္စသမုပ္ပါဒ် အစဖြတ်ပစ်လိုက်တယ်... (မှန်ပါ့)။ နောက်ဆက်နိုင်သေးရဲ့လား (မဆက်နိုင်ပါဘုရား)။ ဘယ့်နှယ်ကြောင့်ပါလိမ့်... (အစကပြတ်လို့ပါ)။ အစကဖြတ်ပစ်လိုက်တဲ့အတွက် အဝိဇ္ဇာပစ္စယာကို ဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား)။ ဒါဖြင့် အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော... (မှန်ပါ့)။ မဖြစ်သေးဘူးလား (ဖြစ်ပါတယ်ဘုရား)။

ဘုရားဖြစ်သွားတာဟာ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓောကြောင့် ဘုရား သဗ္ဗညုတဉာဏ်တော် ရသွားတာ... (မှန်ပါ့)။ နောက်ထပ်ခန္ဓာတွေကော လာသေးရဲ့လား (မလာပါဘုရား)။

ခင်ဗျားတို့လည်း ဒီအတိုင်းရှသွားလို့ရှိရင် တာရှည်တော့… အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော ဖြစ်ရမှာပဲ… (မှန်ပါ့)။ ဒကာကြွယ် ကျေနပ်ပလား… (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သိင်္ဂါရဝပုဏ္ဏားကို ဘုရားဖြေလိုက်တာ ဘယ်နှချက်ပါလိမ့်… (ငါးချက်ပါဘုရား)။

**၁။ လောဘ**

ဒါဖြင့် ပထမ ၁ နံပါတ်က လောဘ(မှန်ပါ့)။ တရားအားထုတ်နေရင်း လောဘလာရင်လည်း သူ့ကိုဘာလုပ်မယ်… (ဖြစ်ပျက်ရှုရပါ့မယ်)။ ဖြစ်ပျက်ရှုပြီးတော့ မူလကမ္မဋ္ဌာန်းပြန်ကောက် (မှန်ပါ့)။ ဒါ မမေ့စေနဲ့နော်ဒကာသစ် (မှန်ပါ့ဘုရား)။

**၂။ ဒေါသ**

၂ နံပါတ်က ဒေါသမဟုတ်လား… (မှန်ပါ့)။ တရားအားထုတ်နေရင်းမတ္တနဲ့ မကျေနပ်တာကလေးလာတယ်၊ ဥပမာ ခြင်ကိုက်လို့၊ ယားလို့၊ နာလို့ ဟုတ်လား၊ အောက်ထိုင်ရတာ… မကောင်းလို့ ဒေါသဝင်လာတဲ့အခါ မရှိဘူးလား (ရှိပါတယ်)။ အဲဒါ… ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါ့မယ်)။ ဖြစ်ပျက်ရှုပြီး… ဘယ်သွားရမလဲ (မူလကမ္မဋ္ဌာန်းပြန်ကောက်ရပါမယ်)။ အဲဒီလို ဖယ်ဖယ် ဖယ်ဖယ်ပြီးရှုရင်ရပါတယ်လို့ (မှန်ပါ့ဘုရား)။

**၃။ ငိုက်မျဉ်းတာ**

၃ နံပါတ်က ဒကာ၊ ဒကာမတို့ ထိနမိဒ္ဓတဲ့၊ ငိုက်မျဉ်းတာ၊ အဲဒါ ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါ့မယ်)။ ဖြစ်ပြီးသူရှင်းသွားတဲ့အချိန်ကျမှ ဒကာ၊ ဒကာမတွေ ဘာလုပ်ရ

မလဲ (မူလကမ္မဋ္ဌာန်းပြန်ကောက်ရပါမယ်)။ မူလကမ္မဋ္ဌာန်း ဆိုတာ ခင်ဗျားတို့ရှုနေကျကမ္မဋ္ဌာန်းကိုဆိုပါတယ်... (မှန် ပါ့ဘုရား)။

## ၄။ စိတ်ပျံ့လွင့်တာ

၄နံပါတ်က ဘာပါလိမ့်... (ဥဒ္ဓစ္စကုက္ကုစ္စပါ) ဥဒ္ဓစ္စ လာလည်း ဘာလုပ်ပစ်ရမလဲ... (ဖြစ်ပျက်ရှုရပါ့မယ်)။ စိတ်ပျံ့လွင့်တယ်၊ ပျံ့လွင့်တဲ့စိတ်ကလေး ဖြစ်ပျက်ရှုပါ (မှန်ပါ့)။ နောက်ဟာတွေး၊ ရှေ့ဟာတွေးနဲ့ တွေးလုံးတွေ ကိုလည်း ဘာလုပ်မယ် (ဖြစ်ပျက်ရှုရပါ့မယ်)။ မကောင်း တာတွေတွေးတော့ ဖြစ်ပျက်တွေချည်းရှုချ (မှန်ပါ့)။ ရှုပြီး ဘယ်သွားရမတုံး (မူလကမ္မဋ္ဌာန်းပြန်ကောက်ရပါမယ်)။ မူလကမ္မဋ္ဌာန်းပြန်ကောက်ကြပါဆိုတာ လေးနက်စွာသတိ ပေးတယ် (မှန်ပါ့ဘုရား)။

## ၅။ သံသယရှိတာ

၅နံပါတ်က ဘာပါလိမ့် (ဝိစိကိစ္ဆာနီဝရဏပါ)။ သူ ကလည်း ဒကာ၊ ဒကာမတွေ ဘုရားအပေါ်၊ တရားအပေါ်၊ သံဃာအပေါ်၊ အကျင့်အပေါ်မှာ သံသယရှိလာရင် ဘာမှ မရှုနဲ့၊ တို့ဘုရားဟာ အခြေအမြစ်နဲ့လာတဲ့ဘုရား၊ တို့ဘုရား ကလည်း တကယ်အကျိုးပေးတဲ့ဘုရားဆိုပြီးသကာလ အကုန် ဆုံးဖြတ်ချက်ချပြီး သူ့ကို ဖြစ်ပျက်ရှုပေးပါ (မှန်ပါ့)။ သူ့ ကို ဖြစ်ပျက်ရှုပြီးသည်နောက်မှ ဒကာ၊ ဒကာမတွေသည် ဘာလုပ်ရမတုံး (မူလကမ္မဋ္ဌာန်းပြန်ကောက်ရပါမယ်)။ မူလ ကမ္မဋ္ဌာန်းပြန်ကောက်တော့ နီဝရဏတရားငါးပါးဟာ ကျုပ်

တို့ကို တားလို့ရသေးရဲ့လား (တားလို့မရပါဘုရား)။ ကမ္မဋ္ဌာန်းကိုပြန်ကောက်နိုင်ရင် သူတားလို့မရဘူး (မှန်ပါ့)။

**ဒီသုံးဉာဏ်နဲ့သာ ဝက်သွားပါ**

ဒါဖြင့် ကမ္မဋ္ဌာန်းပြန်ကောက်တော့ ဖြစ်ပျက်ကစပြီး မတွေ့ပေဘူးလား (တွေ့ပါတယ်)။ ကမ္မဋ္ဌာန်းပြန်ကောက်တဲ့ပုဂ္ဂိုလ်ဟာ ဖြစ်ပျက်ကစပြီးတွေ့မှာပဲ (မှန်ပါ့)။ ဖြစ်ပျက်ကစတွေ့လို့ ရူပါများလာရင် ဖြစ်ပျက်မှန်းရမှာပဲ (မှန်ပါ့)။ ဖြစ်ပျက်မှန်းလာလို့ရှိရင် ဒီဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲဆိုပြီး မဆုံးပေဘူးလား (ဆုံးပါတယ်)။ မူလကမ္မဋ္ဌာန်းရှုတဲ့ပုဂ္ဂိုလ်ဟာ ဒီဉာဏ်သုံးဉာဏ်နဲ့သာတက်သွားပါ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရမှာပဲဆိုတာ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း... ယနေ့ ဒီတွင်တော်ကြဦးစို့...

သာဓု... သာဓု... သာဓု

၀

စာမူခွင့်ပြုချက်အမှတ် - ၁၄/၉၈ (၄)
မျက်နှာဖုံးခွင့်ပြုချက် - ၂၄/၉၈ (၄)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၃ ခုနှစ်၊ မတ်လ

ထုတ်ဝေသူ ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးတိုးဝင်း
နေလရောင်ပုံနှိပ်တိုက်
၉၆(ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။